# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၆–၉–၂၀၁၆ ] ( သောကြာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်နီနီဒွန်း၊ ပေါက်ခေါင်း မဲဆန္ဒနယ်၏ **ဆက်လက်ပြေးဆွဲခြင်း မရှိတော့သော ပြည်–ပေါက်ခေါင်း မီးရထားလမ်းအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်မှ ပြည်သူများ အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရန်အတွက် အုန်းချောင်းသို့ အဝင်ချောင်းအဝကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်း မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများ အားလုံးသည် E-Government Website များနှင့် Mobile Application များမှ တစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း–

(က) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(ခ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဂ) ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်၊

(ဃ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(င) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၊

(စ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဆ) ဦးစစ်နိုင်၊ မင်းပြား မဲဆန္ဒနယ်၊

(ဇ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၊

(ည) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၊ **(ခွင့်)**

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၃၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူတွေကတော့-

(၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၄) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၅) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်နှင့်

(၆) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**ဆက်လက်ပြေးဆွဲခြင်းမရှိတော့သော ပြည်-ပေါက်ခေါင်းမီးရထားလမ်းအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဇွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီဇွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဇွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့ မဲဆန္ဒနယ်အတွင်းမှာရှိပြီး ဆက်လက်ပြေးဆွဲခြင်းမရှိတော့တဲ့ ပြည်-ပေါက်ခေါင်းမီးရထားလမ်းနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ ပြည်-ပေါက်ခေါင်းမီးရထားလမ်းဟာ လယ်မြေ၊ ယာမြေ ၁၆၁.၉ ဧကကို သိမ်းဆည်းဖောက်လုပ်ခဲ့တဲ့ ရထားလမ်းဖြစ်ပါတယ်။ ဒီလိုရထားလမ်းဖောက်လုပ်တဲ့နေရာမှာ တောင်သူလယ်သမားများဟာ ရထားလမ်းမှာပါသွားတဲ့ လယ်ယာမြေများဆုံးရှုံးရတဲ့အပြင် ရထားလမ်းဘေးမှာရှိတဲ့ ဖို့မြေနဲ့မဆိုင်တဲ့ လယ်ယာမြေများဟာလည်း ဒီရထားလမ်းပေါင်ကြီးက တာတမံကြီးလိုဖြစ်နေတဲ့အတွက် မိုးရာသီအချိန်မှာဆိုရင် ရေများမစီးဆင်းနိုင်တော့ဘဲ လမ်းပေါင်ရဲ့တစ်ဖက်မှာရှိတဲ့ လယ်မြေတွေဟာ ရေတွေနစ်မြုပ်နေပြီးတော့ အခြားပေါင်တစ်ဖက်မှာရှိတဲ့ လယ်မြေတွေကျတော့ ပျိုးထောင်ရေ(အောင်ရေ) တောင်မရဘဲနဲ့ စိုက်ပျိုးနိုင်ခြင်းမရှိတော့တဲ့ လယ်ယာမြေတွေဖြစ်ကုန်ပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့ တောင်သူလယ်သမားများအနေနဲ့ ဆုံးရှုံးမှုအလွန်များပြားခဲ့ပါတယ်။ ဒီလိုဆုံးရှုံးများ များပြားခဲ့သော်လည်း တောင်သူလယ်သမားများအနေနဲ့ လယ်ယာမြေသိမ်းဆည်းချိန်ကစပြီးတော့ ယခုအချိန်အထိ နစ်နာကြေးတစ်စုံတစ်ရာမရရှိခဲ့ပါဘူးရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ တင်ပြခဲ့တဲ့ အကြောင်းအရာများအပြင် ပြည်-ပေါက်ခေါင်းမီးရထားလမ်းဟာ ၂၆-၈-၂၀၁၀ မှာ ဖွင့်လှစ်ခဲ့ပြီးတော့ ၁၅-၁၀-၂၀၁၃ အထိ သုံးနှစ်ခန့်ပြေးဆွဲခဲ့ပါတယ်။ အဲဒီလိုပြေးဆွဲပြီးတဲ့နောက်မှာတော့ ယခုအချိန်အထိ ဆက်လက်ပြေးဆွဲခြင်းမရှိတော့ပါဘူးရှင်။ ကျွန်မတင်ပြခဲ့တဲ့ မီးရထားလမ်းနှင့်ပတ်သက်ပြီး ရှင်းလင်းစွာတင်ပြနိုင်ဖို့အတွက် Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီပုံကတော့ ကျွန်မတို့ ပေါက်ခေါင်းမြို့နယ် ချောင်းကောင်းကျေးရွာမှာ မီးရထားလမ်းဖြတ်သွားပြီးတော့ ဆက်လက်အသုံးပြုခြင်းမရှိတဲ့အတွက် ခြုံနွယ်တွေဖုံးလွှမ်းနေတဲ့ပုံဖြစ်ပါတယ်။ ဒီပုံလည်းထိုနည်းတူပါပဲ။ ဒီပုံကတော့ ကျွန်မတို့ ပေါက်ခေါင်းမှာရှိတဲ့ တောင်းဇင်းဝဆိုတဲ့ တောင်တန်းကိုဖြတ်တဲ့နေရာမှာ သဲဆန်တဲ့မြေတွေပေါ်က ရထားလမ်းကိုပြုလုပ်ထားတဲ့အတွက် ပြိုကျပြီးတော့ ရထားလမ်း

တောင် ရှာမတွေ့ရတော့တဲ့အနေအထားဖြစ်ပါတယ်။ ဒီပုံကတော့ ရထားလမ်းရဲ့ သံလမ်းအဆုံးနေရာဖြစ်ပါတယ်။ ညာဘက်ကပုံဟာဆိုရင် ပေါက်ခေါင်း ရင်းထောင်ကျေးရွာအနီးမှာ သံလမ်းဆုံးသွားတဲ့နေရာဖြစ်ပါတယ်။ ဒီပုံက အဲဒီဘက်ကနေပြီးတော့ ပေါက်ခေါင်းရဲ့တစ်ဖက်ခြမ်းကိုဆက်သွားရင် ဝက်တိုးကျေးရွာဆိုတဲ့နေရာမှာ ရထားသံလမ်း ဆက်လက်ဖောက်လုပ်ထားခြင်းမရှိတော့ဘဲနဲ့ ဖို့ထားတဲ့ပေါင်ပဲရှိပြီးတော့ အဲဒီဖို့မြေ ပေါင်ကြီးက ရထားပေါင်ရဲ့ဘေးမှာရှိနေတဲ့ လယ်တွေမှာ ရေတွေဝပ်နေတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကလည်း ရေတွေဝပ်နေတာပါ။ ချိုးပင်ကန်ကျေးရွာအနီးမှာ ဖြစ်ပါတယ်။ အဲဒါကတော့ အင်ငါးခွကျေးရွာအနီးမှာ ရေတွေဝပ်နေတာပါ။ ကျွန်မတို့ရဲ့ ပေါက်ခေါင်းမြို့ဘူတာဖြစ်ပါတယ်။ အသုံးပြုခြင်းမရှိတဲ့အတွက် ခြုံနွယ်ပိတ်ပေါင်းတွေနဲ့ ဖြစ်နေတဲ့ပုံဖြစ်ပါတယ်ရှင်။ ဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ မေးမြန်းချင်တဲ့မေးခွန်းနှစ်ခုရှိပါတယ်ရှင်။ နံပါတ်(၁) မေးခွန်းကတော့ ပြည်သူ့ဘဏ္ဍာငွေများစွာအကုန်အကျခံထားပြီး ဆက်လက်ပြေးဆွဲခြင်းမရှိတော့တဲ့ ၎င်းမီးရထားလမ်းအား မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါတယ်။ နံပါတ်(၂)မေးခွန်းအနေနဲ့ ၎င်းရထားလမ်းဖောက်လုပ်မှုကြောင့် နစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရတဲ့ တောင်သူလယ်သမားများအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုသဖြင့် ဒေသခံပြည်သူလူထုများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်နီနီဒွန်း မေးမြန်းသွားတဲ့မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကျွန်တော် ဦးကျော်မျိုးမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်လက်ပြေးဆွဲခြင်းမရှိတော့သော ပြည်-ပေါက်ခေါင်းမီးရထားလမ်းအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ဆိုတဲ့မေးမြန်းချက်နှင့်ပတ်သက်၍ ဖြေကြားရပါလျှင် ၎င်းလမ်းပိုင်းတွင် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များ မရရှိနိုင်ပါသဖြင့် စီးပွားရေးအရလည်း တွက်ခြေကိုက်မှုမရှိနိုင်သော

ကြောင့် ၎င်းလမ်းပိုင်း၌ ရထားဆက်လက်ပြေးဆွဲရန် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ၁၅-၁၀-၂၀၁၃ ခုနှစ်ကစပြီးတော့ လောလောဆယ်ရပ်ဆိုင်းထားပြီးတော့ လောလောဆယ် ဆက်လက်ပြေးဆွဲဖို့အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

အဆိုပါရထားလမ်းဖောက်လုပ်မှုကြောင့် နစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသော တောင်သူလယ်သမားများအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နှင့် ပတ်သက်၍ ဖြေကြားရပါလျှင် ပြည်-ပေါက်ခေါင်းရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ သိမ်းဆည်းမြေများကို မြန်မာ့မီးရထား၊ ပေါက်ခေါင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ကနဦးတိုင်းတာချက်အရ မြန်မာ့မီးရထားသိမ်းဆည်းမြေဧကမှာ ၁၆၁.၀၉ ဧကဖြစ်ကြောင်း သိရှိရပါတယ်။ သိမ်းဆည်းမြေဧက အမှန်ရရှိပြီး အတည်ပြုနိုင်ရန်အတွက် ပေါက်ခေါင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပြန်လည်တိုင်းတာစိစစ်ခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် သိမ်းဆည်းမြေဧကတွင်ပါဝင်သော တောင်သူဦးရေ ၂၃၅ ဦး၊ ဦးပိုင်ပေါင်း ၂၆၄၊ လယ်မြေ ၁၃၆.၃၈ ဧက၊ ယာမြေ ၃၇.၇ ဧက စုစုပေါင်း ဦးပိုင်မြေ ၁၇၄.၀၈ ဧကအတွက် ပေါက်ခေါင်းမြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီမှ မြေလျော်ကြေးတန်ဖိုးများ အတည်ပြုပေးနိုင်ရန် တင်ပြထားပြီးဖြစ်ပါတယ်။ တင်ပြထားပေမယ့် အတည်ပြုချက်မရရှိသေးပါဘူးခင်ဗျ။ သို့အတွက် ပြည်ခရိုင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရဲ့ အတည်ပြုချက်ရရှိပါက ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြပြီး လျော်ကြေးတန်ဖိုးအတည်ပြုချက်ရရှိရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါတယ်။ အတည်ပြုချက်ရရှိခဲ့ပါက မြန်မာ့မီးရထားမှ နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက လျော်ကြေးပေးချေနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နီနီဝွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ အခုနလည်း ပုံထဲမှာပါသွားတဲ့အတိုင်း ကျွန်မတို့ဖို့မြေ ပေါင်ကြီးက အရမ်းမြင့်ပြီးတော့ ဒီမီးရထားလမ်းအောက်မှာရှိတဲ့ လယ်ယာမြေတွေအပြင် ဘေးတစ်ဖက်တစ်ချက်မှာရှိတဲ့ လယ်ယာမြေတွေပါ တာတမံလိုဖြစ်ပြီးတော့ ပိတ်ဆို့တားဆီးပြီးတော့ လယ်ယာမြေမှာ ရေတွေနစ်မြုပ်တာရယ်၊ တစ်ဖက်တစ်ချက်ကြတော့ ရေလုံးဝမရတော့ဘဲနဲ့ လယ်ယာမြေတွေဟာ စိုက်ပျိုးနိုင်ခြင်းမရှိတဲ့ကိစ္စကို အဲဒီလိုနစ်နာနေတဲ့အတွက် ဆက်လက်ပြီးတော့ မပြေးဆွဲဘူးဆိုရင်လည်း အခုနက သံလမ်းမရှိတော့တဲ့ ဖို့မြေ ပေါင်ကြီး တွေရှိနေတဲ့နေရာတွေကို မီးရထားဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆက်လုပ်ပေးမလဲဆိုတာကို ကျွန်မ သိရှိလိုပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်က ကျွန်တော် သဘောပေါက်နားလည်လက်ခံပါတယ်ခင်ဗျ။ ဒီတော့ အခုနကပြောသလို ဒီတာပေါင်တွေ လက်ရှိကတော့ ရထားပြေးဆွဲတာယာယီရပ်ဆိုင်းထားခြင်းဖြစ်ပါတယ်။ တစ်ချိန်မှာ အခုနကပြောသလို ဒေသခံပြည်သူလူထုရဲ့လိုအပ်ချက်ရှိလာတဲ့အခါကျရင်၊ နောက်ပြီးတော့ ခရီးသည်နှင့် ကုန်စည်ရရှိနိုင်ရင် ကျွန်တော်တို့ ပြန်လည်ပြေးဆွဲမှာဖြစ်ပါတယ်။ ဒါပေမဲ့ အခုနက ပြောသလို ဒီရထားလမ်းမခင်းထားသေးဘဲ တာပေါင်တွေဖြစ်လို့ လယ်ယာမြေထိခိုက်မှုရှိတဲ့အပိုင်းကိုတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့မီးရထားကို ကွင်းဆင်းစစ်ဆေးပြီးတော့ ကျွန်တော့်အနေနဲ့ ပြန်လည်တင်ပြစေပါမယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်မှပြည်သူများ အန္တရာယ်ကင်းစွာခရီးသွားလာနိုင်ရန်အတွက် အုန်းချောင်းသို့ အဝင်ချောင်းအဝကို ပြည်လည်တူးဖော်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်က ဦးတင်နု(ခ)တင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု

(ခ)တင်နုအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်မြို့နယ်မှ ပြည်သူတွေရေကြောင်းသွားလာရေးမှာ အဓိကအားထားနေရတဲ့ အုန်းချောင်းသို့ အဝင်ချောင်းအဝကို ပြည်လည်တူးပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းဟာ မြန်မာနိုင်ငံမှာရမ်းဗြဲကျွန်းပြီးရင် ဒုတိယအကြီးမားဆုံးကျွန်းဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်ထဲမှာရှိပြီး စတုန်းရန်းမိုင် ၂၀၂ မိုင်ကျယ်ဝန်းပါတယ်။ တောင်နှင့်မြောက် ၁၈ မိုင်၊ အရှေ့နှင့်အနောက် ၂၂ မိုင်ရှိပြီး ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိပါတယ်။ ကျေးရွာပေါင်း ၁၃၇ ရွာရှိပြီး လူဦးရေ ၆၁၂၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ တောင်ကုတ်မြို့နယ်နဲ့ ၄၉ မိုင်ဝေးပါတယ်။ ကျောက်ဖြူမြို့နယ်နဲ့ ၄၈ မိုင်ဝေးပါတယ်။ ရမ်းဗြဲကျွန်းနဲ့ ၁၂ မိုင်ဝေးပါတယ်။ ရာသီဥတုကောင်းရင် မာန်အောင်ကလူတွေဟာ တစ်နေ့ကို ၂၀၀ မှ ၅၀၀ ခန့်ဟာ နေ့စဉ်နေ့တိုင်းရေကြောင်းကို အသုံးပြုပြီးမှ သွားလာနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေကြောင်းခရီးသွားတဲ့အခါမှာ ရွှေပြည်တန်၊ မလိခစတဲ့ ရှပ်ပြေးအမြန်မော်တော်ယာဉ်တွေနဲ့ ပုဂ္ဂလိကစက်လှေ၊ မော်တော်တွေကို အသုံးပြုပြီး သွားလာကြရပါတယ်။ တောင်ကုတ်မြို့နဲ့၊ မာန်အောင်ကို အမြန်ရှပ်ပြေးယာဉ်နှင့်သွားရင် သုံးနာရီလောက်ကြာပြီး စက်လှေ၊ မော်တော်နှင့်သွားရင် ခုနစ်နာရီလောက်သွားရပါတယ်။ တောင်ကုတ်ကိုပဲသွားသွား၊ ကျောက်ဖြူကိုပဲ သွားသွား အုန်းချောင်းကိုဝင်/ထွက်ပြီးမှ သွားလာလို့ရပါတယ်။ အုန်းချောင်းကိုလှေ၊ သင်္ဘောအဝင်/အထွက်လွယ်အောင် ၂၀၁၁ ခုနှစ်က အုန်းချောင်းဝကို နိုင်ငံတော်မှ သောင်တူးစက်တွေနှင့်တူးပေးခဲ့လို့ ဒီရေအတက်အကျကို စောင့်နေဖို့မလိုဘဲ အချိန်မရွေး ဝင်/ထွက်နိုင်လို့ ခရီးသွားလာရာမှာ အဆင်ပြေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုချောင်းအဝကို ပြန်မတူးတာ လေးနှစ်ကျော်လာပြီမို့ ချောင်းအဝဟာ တိမ်ကောလာပြီး ရှပ်ပြေးယာဉ်တွေနဲ့ မော်တော်စက်လှေတွေဟာ အချိန်မရွေးမသွားနိုင်တော့ပါဘူး။ ဒီရေတက်မှသာ သွားလာနိုင်ပါတော့တယ်။ ဒီရေအကျနှင့်ကြုံရင် သွားလို့လုံးဝမရတော့ပါဘူး။ ဒီရေအတက်ကို လေးနာရီလောက် ပင်လယ်ထဲမှာစောင့်နေရပြီး ဒီရေတွေတက်လာမှ သွားလာလို့ရပါတယ်။ ပင်လယ်ထဲမှာ လေးနာရီလောက်နေရတဲ့အချိန်ဟာ အလွန်မှအန္တရာယ်များတဲ့အချိန် ဖြစ်ပါတယ်။ ဒီရေကျတဲ့အချိန် ချောင်းအဝကို ဝင်/ထွက်မသွားနိုင်တာဟာ အခုသုံးနှစ်ကျော်ပါပြီ။ ကျွန်တော်တို့ မာန်အောင်မှ ပြည်သူတွေဟာ ဘေးအန္တရာယ်ကင်းစွာနှင့် ခရီးသွားလာနိုင်ဖို့အတွက် အုန်းချောင်းအဝကို ပြန်တူးပေးလိုကြပါတယ်။ ပြန်တူးပေးဖို့အတွက်လည်း ပြည်သူတွေက ကျွန်တော့်ကိုတင်ပြလာ

ကြပါတယ်။ ဒါကြောင့် အုန်းချောင်းအဝင်ဝကို ပြန်၍တူးပေးဖို့အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ ရှိပါက ဘယ်ချိန်မှာတူးပေးမယ်၊ မရှိပါက အဘယ်ကြောင့်မတူးပေးနိုင်သည်ကို သိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းပေးနိုင်ပါရန် ပြည်သူများရဲ့ကိုယ်စား တင်ပြအပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်ရဲ့ မေးမြန်းချက်နှင့် ပတ်သက်ပြီးတော့ ကျွန်တော် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ကျွန်တော်ကပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အတိုင်းပဲ မာန်အောင်မြို့၊ အုန်းချောင်းဟာဆိုရင် မာန်အောင်မြို့နှင့် အခြားဒေသနှင့်ဆက်သွယ်ထားတဲ့ အဓိကရေလမ်းကြောင်း အဝင်လမ်းဖြစ်ပါတယ်။ သဘာဝရေလမ်းကြောင်းအခြေအနေအရ ချောင်း အတွင်း နုန်းအနည်ကျမှု နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါတယ်။ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သောင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အုန်းချောင်းသောင်တူးဖော်ခြင်းလုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ အတိုင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာဆို ပြည်ထောင်စုရဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် လည်းကောင်း၊ တဖန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ကျပ်သန်း ၄၀.၀၃ သန်းဖြင့်လည်းကောင်း နောက်ဆုံးဆောင်ရွက်နိုင်ခဲ့ပါတယ်ခင်ဗျား။ အုန်းချောင်းရဲ့ အောက်ခြေမှာ ကျောက်သားဖြစ်၍ ရေအနက်များစွာတူးဖော်နိုင်ခြင်းမရှိဘဲ ကျောက်သားမျက်နှာပြင် ပေါ်မှအပိုင်းများကိုသာ ဖယ်ရှားတူးဖော်ရခြင်းကြောင့် ရေလမ်းကြောင်းမကောင်းမွန်ရခြင်းဖြစ်ပြီး ထပ်မံတူးဖော်ရန်လိုအပ်မည်ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်၍ မာန်အောင်မြို့အဝင် အုန်းချောင်းရေလမ်းကောင်းမွန်ရေး သောင်တူးဖော်ခြင်း လုပ်ငန်းအတွက် လာမည့်ပွင့်လင်းရာသီမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်း

အမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီး ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများပြုလုပ်ပြီး ခန့်မှန်းကုန်ကျစရိတ်တွက်ချက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင်တင်ပြတောင်းခံနိုင်ရေး ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံအတွင်းရှိပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင် ပတ်သက်သူများအားလုံးသည် E-Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့ နိုင်ငံအတွင်းရှိပြည်သူများ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် E-Government Website များနဲ့ Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်အမည်စာရင်းတင်သွင်းသူကိုယ်စားလှယ် ၂၄ ဦးအနက် ၁၅ ဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့(၁၅-၉-၂၀၁၆ ရက်နေ့)မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုဆွေးနွေးရန်ကျန်ရှိတဲ့ ကိုယ်စားလှယ် ကိုးဦးဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဂါရဝပြုပါရစေခင်ဗျား။ ကျွန်တော်ကတော့

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်ဖြစ်ပါတယ်။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ E-Government ကို ၂၀၀၅ ခုနှစ်က စတင်အကောင်အထည်ဖော်ဖို့ Master Plan ရေးဆွဲပြီးတော့ ကိုရီးယားနိုင်ငံအကူအညီနဲ့ စတင်ခဲ့တယ်လို့သိရှိရပါတယ်။ ဒီလို လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က လုပ်ငန်းစတင်ခဲ့ပေမယ့်လည်း မြန်မာနိုင်ငံမှာ ပီပြင်တဲ့ E-Government စနစ်ဖြစ်ပေါ်ဖို့ အလှမ်းဝေးနေတာ တွေ့ရပါတယ်။ အကြောင်းအရင်းကို သုံးသပ်ကြည့်တော့ လုပ်ထုံးလုပ်နည်းတွေ အစရှိတဲ့ကိစ္စတွေ ကွန်ပျူတာစနစ်နဲ့ကိုက်ညီတဲ့ပုံစံအဖြစ်ကို မပြောင်းလဲဘဲနဲ့ လက်ရှိဆောင်ရွက်နေကျပုံစံအတိုင်း အသုံးပြုနေကြလို့ဖြစ်ပါတယ်။ ဌာနဆိုင်ရာများအနေနဲ့ ယနေ့ထိ စာရွက်စာတမ်းများကို အသုံးပြုဆောင်ရွက်နေခြင်း၊ လိုချင်တဲ့အချက်အလက်တွေကို မှန်မှန်ကန်ကန်ထုတ်ပေးဖို့ အခက်အခဲဖြစ်နေတာလည်း ပါပါတယ်။ သက်ဆိုင်ရာဌာနများအနေနဲ့လည်းပဲ အလုပ်ကိစ္စခပ်များများတွေကို စာရွက်တွေနဲ့လုပ်နေရမှုကို သံယောဇဉ်ဖြတ်ဖို့ လိုပါမယ်။ ခေတ်မမီတော့တဲ့၊ အဆင်မပြေတော့တဲ့လုပ်ငန်းစဉ်များကို ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း၊ တိကျတဲ့လုပ်ငန်းစဉ်တွေကို ပြန်လည်ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့်သာလျှင် အောင်မြင်အောင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ရာမှာလည်း လုပ်ထုံးလုပ်ငန်းတွေကိုလွယ်ကူစေဖို့၊ ပြည်သူတွေကို ဝန်ဆောင်မှုပေးတဲ့နေရာတွေမှာ သိသာထင်ရှားတဲ့တန်ဖိုးတွေထွက်ပေါ်လာနိုင်ဖို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ E-Government ပြောင်းသုံးရာမှာ သုံးသပ်ချက်အဆင့်ဆင့်တောင်းခံနေခြင်းတွေကို လျှော့ချပြီးတော့ တိကျတဲ့လုပ်ငန်းစဉ်အဆင့်များ သတ်မှတ်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းတွေကို သက်ဆိုင်ရာဌာနအကြီးအကဲများမှလည်း ဦးဆောင်ပါဝင်ဆောင်ရွက်မှသာ ပြောင်းလဲမှုလုပ်ငန်းများသိသိသာသာအဆင်ပြေမှာဖြစ်ကြောင်းကို ဆွေးနွေးလိုပါတယ်။ E-Government ကို ဆောင်ရွက်မယ်ဆိုလို့ရှိရင် သတင်းအချက်အလက်တွေ ပွင့်လင်းမြင်သာမှုရှိလာပါမယ်။ One Stop Service ဖြစ်လို့ အချိန်ကို သက်သာလာပါမယ်။ လုပ်ငန်းစဉ်လွယ်ကူရှင်းလင်းလာပါမယ်။ မှတ်တမ်းထိန်းသိမ်းဖို့ အားကောင်းလာပါမယ်။ အကျင့်ပျက်မှုလျော့နည်းလာပါမယ်။ လူတွေရဲ့ခံယူချက်နှင့်အဆင့်အတန်း မြင့်မားလာပါမယ်။ ငွေကြေးကုန်ကျမှုသက်သာလာပါမယ်။ လုပ်အားခသက်သာလာပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ E-Government စနစ်စီမံကိန်း အကောင်အထည်ဖော်တဲ့နေရာမှာ ပြန်လည်ဆန်းသစ်ပြောင်းလဲခြင်းတွေပြုလုပ်ပြီးတော့ ဒီလုပ်ငန်းစဉ်တွေအတွက် အကောင်း

**မူကြမ်း**

ဆုံးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပုံတွေကို အခြားနိုင်ငံများမှ လေ့လာပြီးတော့၊ သုံးသပ်ပြီးတော့ မိမိတို့နိုင်ငံရဲ့ မိမိတို့ဌာနရဲ့လုပ်ငန်းစဉ်တွေနဲ့ကိုက်ညီဖို့ လိုအပ်သလို ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်သွားဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ ပြောင်းလဲတဲ့နေရာမှာ အဓိကကျတဲ့လုပ်ငန်းစဉ်ထားဖို့လိုပါမယ်။ အဓိကကတော့ Update ဖြစ်တဲ့သတင်းတွေ၊ ရုံးလိပ်စာတွေ၊ ဌာနရဲ့ရည်ရွယ်ချက်၊ လုပ်ငန်းရဲ့တာဝန်၊ ဆက်သွယ်ရမယ့်ပုဂ္ဂိုလ်ရဲ့အမည် စတာတွေနဲ့ စည်းမျဉ်းစည်းကမ်းဥပဒေများနဲ့ ရယူနိုင်တဲ့ဝန်ဆောင်မှုတွေကို ဖော်ပြထားဖို့လိုအပ်ပါမယ်။ သတင်းအချက်အလက်တွေကို လွယ်ကူစွာရှာဖွေနိုင်ရပါမယ်။ လိုအပ်တဲ့သတင်းအချက်အလက်တွေ၊ လျှောက်လွှာတွေ၊ ပုံစံတွေကို Online မှာ Download ရယူနိုင်ရပါမယ်။ ရုပ်သံဖိုင်များကို လွှင့်ထားပေးနိုင်ရပါမယ်။ ဌာနဆိုင်ရာတာဝန်ရှိသူများကိုတော့ Online ကနေတိုက်ရိုက်ဆက်သွယ်နိုင်ရပါမယ်။ လျှောက်လွှာတွေကို Online မှာဖြည့်စွက်ပေးပို့ခြင်း၊ အခွန်အခများ Online မှပေးပို့ခြင်း၊ လုပ်ငန်းလိုင်စင်ပါမစ်လျှောက်ထားခြင်းတို့လည်း လျှောက်ထားနိုင်ရပါမယ်။ ဒီလိုမျိုးလွယ်လွယ်ကူကူလုပ်နိုင်မှသာလျှင်ပဲ ကျွန်တော်တို့နိုင်ငံဟာ E-Government စနစ်က အဆင်ပြေမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အဓိကမဏ္ဍိုင်ကြီးသုံးရပ်လုံးဟာလည်း အများပြည်သူ များထုတ်ပြန်နိုင်တဲ့ပြန်တမ်းတွေကို လွယ်ကူစွာရှာဖွေရယူနိုင်တဲ့ Electronic Data Base နဲ့ထုတ်ပြန် နိုင်ရပါမယ်။ ဒီလိုလုပ်နိုင်မယ်ဆိုလို့ရှိရင် လေး၊ ငါးနှစ်လောက်အတွင်းမှာ ပြည်သူဦးရေသန်း ၃၀ ခန့်က တရားဝင်လက်ခံနိုင်တဲ့ E-Government ဝန်ဆောင်မှုနဲ့ သုံးစွဲထားဖူးပြီးဖြစ်နေဖို့ ကြိုးစားစီမံထား သင့်ပါတယ်။ တစ်နည်းအားဖြင့် Online မှရယူခြင်း၊ Online မှပြန်လည်ပေးပို့ခြင်းတွေလုပ်နေရပါ မယ်။ လုပ်ဖူးရပါမယ်။ ပြည်သူများကိုလည်း ICT နည်းပညာက ပိုမိုနားလည်တတ်ကျွမ်းစေဖို့ လေ့ကျင့်ပညာပေးရေးစီမံချက်များကို ထည့်သွင်းသွားသင့်တယ်လို့ ယူဆပါတယ်။ ဒီလိုတွေဖြစ်မှသာလျှင် ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာကို မီရုံပဲရှိနေဦးမှာပါ။ နောက်ထပ်စီမံချက်တွေ၊ ပန်းတိုင်တွေ ထပ်ကာထပ်ကာချပြီး ကြိုးစားလုပ်ဆောင်ပါမှ နိုင်ငံတကာကို ယှဉ်နိုင်လာမှာပါ။ မြန်မာနိုင်ငံဟာ ကမ္ဘာကြီးရဲ့ ကမ္ဘာ့ရွာကြီးရဲ့ အလယ်မှာ နောက်ကျမကျန်နေစေဖို့၊ ခေတ်မီတိုးတက်ဖို့ဆိုတော့ E-Government ကိုသုံးမှ ဖြစ်မှာပါ။ ဒီလိုမဟုတ်ခဲ့ဘူးဆိုလို့ရှိရင် အချိန်ကုန်၊ ငွေကုန်၊ လုပ်အားတွေ ကုန်ပြီးတော့ လုပ်ငန်းအဆင့်ပေါင်းများစွာမှာ အကျင့်ပျက်မှုတွေနဲ့ သံသရာလည်မနေရအောင် E-Government ကို ထိရောက်စွာအသုံးပြုဖို့တိုက်တွန်းရင်း ဦးနေဖူးဗဆွေရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ E-Government စနစ်အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေကို E-Government စနစ်နဲ့ ကိုက်ညီအောင် ပြင်ဆင်ဖို့လိုအပ်တဲ့အချက်တွေကို အဓိကအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ E-Government စနစ်ကို အကောင် အထည်ဖော် ဆောင်ရွက်ကြပေမယ့် E-Government စနစ်အောင်မြင်မှုမရှိဘဲ ကျရှုံးခဲ့တဲ့လုပ်ငန်း များစွာရှိပါတယ်။ အဲဒီထဲမှာ မအောင်မြင်ရတဲ့အကြောင်းအရင်းတစ်ခုကတော့ ကွန်ပျူတာစနစ်ကို ပြောင်းလဲရာမှာ ဌာနဆိုင်ရာလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းတွေကို ကွန်ပျူတာစနစ်နဲ့ ကိုက်ညီတဲ့ပုံစံကို မပြောင်းလဲဘဲ လက်ရှိဆောင်ရွက်နေတဲ့ပုံစံ (Manual) စနစ်တွေအတိုင်း ကွန်ပျူတာစနစ်တွေ ရေးဆွဲ အသုံးပြုနေကြလို့ ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အားသာချက်တစ်ခုက Leap Frog ဆိုတဲ့ ခုန်ပြန်ကျော်လွှားပြီး ရင့်ကျက်တဲ့ E-Government ပုံစံနဲ့ လူမှုအသိုင်းအဝိုင်းကို တိုက်ရိုက်ကူးသွား နိုင်တာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဌာနတွေက ဒီနေ့အထိ စာရွက်တွေအသုံးပြုဆောင်ရွက်နေရခြင်း၊ ပြည်သူတွေက ဝန်ဆောင်မှုဆောင်ရွက်နိုင်ရန် စီတန်း၍စောင့်ဆိုင်းနေရခြင်း၊ ဆုံးဖြတ်ချက်များ တောင်းခံရာမှာလည်း ဒီဗျူရိုကရေစီစနစ်ကို ဆက်လက်ကျင့်သုံးနေဆဲဖြစ်ပါတယ်။ လိုချင်တဲ့အချက် အလက်တွေကို လိုချင်တဲ့အချိန်မှာ မှန်မှန်ကန်ကန်ပေးနိုင်ဖို့ အစိုးရအဖွဲ့အစည်းများကိုယ်တိုင်က လည်း ရှုံးကန်ဆောင်ရွက်ရနေတာဟာ လက်တွေ့ကြုံတွေ့ခံစားနေရတဲ့ ဖိအားတစ်ခုလည်း ဖြစ်ပါ တယ်။ E-Government စနစ်ပြောင်းလဲလိုက်ရင် အစိုးရအဖွဲ့အစည်းတွေရဲ့ လုပ်ငန်းစဉ်တွေကို လက်ရှိဆောင်ရွက်မှုပုံစံမှ ပိုမိုကောင်းမွန်တဲ့ပုံစံအဖြစ်ကို ICT နည်းပညာတွေအသုံးပြုပြီး ၂၄ နာရီ ခုနစ်ရက်ပတ်လုံးဝန်ဆောင်မှုပေးနိုင်မှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမှာအစိုးရဌာနများက ဆုံးဖြတ်ချက်ရရှိနိုင်ရန်ကိစ္စတော်တော်များများ ကို စာရွက်တွေနဲ့အဆင့်ဆင့် တင်ပြဆုံးဖြတ်ချက်တောင်းခံနေရခြင်းများကို ပြောင်းလဲပစ်ဖို့လိုအပ်နေပါ

တယ်။ အဲဒီလိုအခက်အခဲတွေကို Business Process Reengineering ပြုလုပ်ခြင်း၊ ခေတ်မမီတော့တဲ့လုပ်ငန်းတွေကို ပြောင်းလဲပစ်ခြင်း၊ ဖျက်သိမ်းခြင်း၊ တိကျတဲ့လုပ်ငန်းစဉ်တွေ ပြန်လည်ရေးဆွဲပြီးမှ E-Government စနစ်တွေကို အကောင်အထည်ဖော်သွားရန် အောင်မြင်မှုကိုရရှိအောင် ဆောင်ရွက်နိုင်မှာလို့ အကြံပြုလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ၊ E-Government ကိုဖော်ဆောင်ရာမှာ အရေးကြီးတဲ့ မဖြစ်မနေဆောင်ရွက်ရမယ့်လုပ်ငန်းတစ်ခုကတော့ Business Process Reengineering Of the Service(BPR) တွေပဲဖြစ်ပါတယ်။ BPR ကိုဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းစဉ်တွေလွယ်ကူဖို့ Supplication အတွက်နဲ့ ပြည်သူတွေကို ပေးတဲ့ဝန်ဆောင်မှုတွေမှာ သိလာတဲ့တန်ဖိုးတွေပေါင်းထည့်ပေးနိုင်ဖို့ Value Addition အတွက် မဖြစ်မနေထည့်သွင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ E-Government Application တွေကို ပြောင်းလဲအသုံးပြုရာမှာလည်း လုပ်ငန်းအဆင့်တွေ၊ ဆုံးဖြတ်ချက်တွေ အဆင့်ဆင့်တောင်းခံနေရခြင်းကို လျှော့ချပြီး တိကျတဲ့လုပ်ငန်းစဉ်တွေ၊ အဆင့်တွေ သတ်မှတ်ထားရန်လိုတဲ့အကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းကို သက်ဆိုင်ရာဌာနမှ အကြီးအကဲတွေက ဦးဆောင်ပါဝင်ဆောင်ရွက်မှသာ ပြောင်းလဲမှုတွေ၊ လုပ်ငန်းတွေအဆင်ပြေမှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government စနစ်ကို ဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းတွေ၊ သတင်းအချက်အလက်တွေ ပွင့်လင်းမြင်သာမှုရှိလာပါမယ်။ One Stop Service တွေ Single Window တွေကြောင့် အချိန်ကုန်သက်သာလာမယ်။ လုပ်ငန်း Procedure တွေ ရှင်းလင်းလွယ်ကူလာမယ်။ ရှုပ်ထွေးမှုတွေမရှိတော့ပါဘူး။ ရုံးစီမံခန့်ခွဲမှုနဲ့ မှတ်တမ်းထိန်းသိမ်းမှုတွေ ကောင်းမွန်လာမယ်။ အဂတိလိုက်စားမှုကို လျှော့နည်း၊ လျှော့ချလာနိုင်မယ်။ လူတွေရဲ့ Altitude ခံယူချက်တွေတိုးတက်လာမယ်။ လုပ်ကိုင်ပုံတွေ၊ အပြုအမူတွေနဲ့ လုပ်ငန်းတွေကို တာဝန်ယူဖြေရှင်းပုံတွေ တိုးတက်ပြောင်းလဲလာပါမယ်။ ရေရှည်မှာ ငွေကြေးကုန်ကျမှု သက်သာပါလိမ့်မယ်။ ဥပမာတစ်ခုတင်ပြရရင် Estonia နိုင်ငံမှာ All Purpose IT Card ကိုအသုံးပြုပြီး Paper Base Transaction ကို ဖြုတ်ချနိုင်ခဲ့လို့ Annual GDP ရဲ့ ၂ ရာခိုင်နှုန်းကို သက်သာစေခဲ့တယ်ဆိုတဲ့ ဥပမာရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း Paper Base Transection ကို ဖြုတ်ချနိုင်ခဲ့မယ်ဆိုရင် Central Statistical Organization Myanmar, Statistical Information Service (MNSIS) ရဲ့ ရရှိတဲ့စာရင်းဇယားအရ ၂၀၁၄ ဘဏ္ဍာရေး နှစ်မြန်မာနိုင်ငံရဲ့ Annual GDP ၅၃ ဘီလီယံကျပ်ရဲ့ နှစ်ရာခိုင်နှုန်းခန့် သက်သာခဲ့မယ်ဆိုရင် ငွေကျပ် ၁.၀၆ Trillion ကျပ်သန်းပေါင်း တစ်သန်းကျော် သက်သာသွားစေမှာဖြစ်ပါတယ်။ အဲဒီလိုပိုထွက်လာ

**မူကြမ်း**

မယ့်ငွေတွေကို ပြည်သူတွေအတွက် အကျိုးရှိမယ့်ပညာရေး၊ ကျန်းမာရေးနဲ့ တခြားကဏ္ဍတွေမှာ ပြောင်းလဲအသုံးပြုသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ E-Government စနစ်ဟာ ကနဦးကုန်ကျမှုများပေမဲ့ ရေရှည်မှာတိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းမှုများတဲ့အတွက် E-Government စနစ်ကို ထိထိရောက်ရောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ အထက်မှာဆွေးနွေးခဲ့တဲ့အတိုင်း အကြံပြုရင်း ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်ရဲ့အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပျဉ်းမနားမဲဆန္ဒနယ်က ဦးသန်းစိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုးအောင်(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အဆိုရှင် ဦးနေဖူးဗဆွေရဲ့ E-Government လုပ်ငန်းအောင်မြင်ရန် အဓိကမဏ္ဍိုင်ကြီးလေးရပ်ရှိပါတယ်။ ဒီမဏ္ဍိုင်ကြီးလေးရပ်ထဲက ကျွန်တော် Technology ဆိုတဲ့အပိုင်းကို အဓိကထားဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ E-Government ရဲ့လုပ်ငန်းများကတော့ G to G အစိုးရဌာနအချင်းချင်းဆက်သွယ်ခြင်း၊ G to B အစိုးရနဲ့စီးပွားရေးလုပ်ငန်းများဆက်သွယ်ခြင်း၊ G to C အစိုးရနှင့် ပြည်သူပြည်သားများဆက်သွယ်ခြင်းလုပ်ငန်းတို့ဖြစ်ပါတယ်။ ဒီလိုဆက်သွယ်နိုင်ဖို့အတွက် ICT နည်းပညာလို့ခေါ်တဲ့ Information Communication Technology ကိုအသုံးပြုရမှာ ဖြစ်ပါတယ်။ ဒီလို ICT နည်းပညာတွေကို သုံးပြီး တစ်ခုနဲ့တစ်ခုဆက်သွယ်ကြတဲ့အခါ အရေးကြီးဆုံးအပိုင်းကတော့ စံစနစ်တစ်ခုတည်းကိုသုံးပြီး ချိတ်ဆက်ကြဖို့လိုအပ်ပါတယ်။ Unicode, Consortium မှ မြန်မာနိုင်ငံအတွက် Unicode Point များ ၂၂၄ နေရာအား သတ်မှတ်ပေးထားပါတယ်။ အဆိုပါ Code Point များသည် မြန်မာစာ၊ ဗမာစာ အတွက်သာမက အခြားတိုင်းရင်းသားဘာသာစကားများအတွက်ပါ ခွဲဝေသုံးစွဲရမှာ ဖြစ်ပါတယ်။ Code Point များဟာအဖွဲ့အစည်းတစ်ခုပိုင်၊ ပုဂ္ဂလိကပိုင်တစ်ခုမဟုတ်ဘဲ နိုင်ငံတော်အရင်းအမြစ်သာ ဖြစ်ပါတယ်။ နိုင်ငံတော်အရင်းအမြစ်ဖြစ်သောကြောင့် နိုင်ငံတော်မှဦးစီး၍ သတင်းအချက်အလက်ပညာနှင့်ဘာသာဗေဒကျွမ်းကျင်ပညာရှင်များပူးပေါင်းကာ Code Point နေရာများတွင် အက္ခရာများအား စံသတ်မှတ်ချထားပေးသင့်ပါတယ်။ အခြားနည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များကိုလည်း

ကျွမ်းကျင်ပညာရှင်များက ပူးပေါင်းသတ်မှတ်သင့်ပါတယ်။ ၎င်းစံသတ်မှတ်ချက်များအတိုင်း Font ရေးသားသူများမှလိုက်နာ၍ ဆောင်ရွက်သွားသင့်ပါတယ်ခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၁၉၉၁ ခုနှစ်မှ စတင်တည်ထောင်ခဲ့တဲ့ Unicode, Consortium အဖွဲ့အစည်းမှ စံသတ်မှတ်ပြဋ္ဌာန်းထားတဲ့ Unicode စနစ်ကိုအခြေခံသည့်စာလုံး(Font) နိုင်ငံအသီးသီးမှာတရားဝင်ပြဋ္ဌာန်းသုံးစွဲခဲ့ကြသော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုအချိန်အထိ ထိုစံသတ်မှတ်ချက်ကို အခြေခံသည့်စာလုံး (Font)ကို တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးပါဘူးခင်ဗျား။ Myanmar Unicode စံအသုံးပြုခြင်းမရှိသည့်အတွက်အဓိကအရေးကြီးဆုံးဖြစ်သည့် သတင်းအချက်အလက်များထည့်သွင်းရာတွင် စနစ်မကျခြင်း၊ စံသတ်မှတ်ခြင်းမရှိခြင်းကြောင့် အချက်အလက်များပြန်ရှာ၍ မရနိုင်ခြင်း၊ နည်းစနစ်မှန်ကန်စွာ ပြန်လည်ထုတ်ပြန်ရန်မဖြစ်နိုင်ခြင်း၊ E-Government လုပ်ငန်းများဆောင်ရွက်ရာတွင် အကြီးမားဆုံးသော အနှောင့်အယှက်တစ်ခုအဖြစ်သဖွယ် ဖြစ်လျက်ရှိပါတယ်ခင်ဗျား။ အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများ၊ အများပြည်သူများ ယခုလက်ရှိအသုံးပြုလျက်ရှိသော မြန်မာစာစာလုံး (Font)များသည် Myanmar Unicode စံစနစ်ကို လိုက်နာရုံမက ထို Unicode စံစနစ်ကို အသုံးမပြုနိုင်ရန် နည်းပညာပိုင်းပြင်ဆင်ခြင်းများ ထည့်သွင်းထားသည့်အတွက် မြန်မာစာ Unicode စံစနစ်အသုံးပြုခြင်းအား ဝေးကွာသည်ထက်ဝေးကွာအောင် တစ်နည်းတစ်ဖုံဖန်တီးသကဲ့သို့ ဖြစ်နေပါတယ်။ E-Government လုပ်ငန်းစဉ်များအပြင် ပြည်သူများရဲ့နေ့စဉ်လူနေမှုဘဝမှာ တဖြည်းဖြည်းအရေးပါလာသည့် သတင်းအချက်အလက်နှင့် နည်းပညာနယ်ပယ်တွင် မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် စံသတ်မှတ်ပြဋ္ဌာန်းထားတဲ့ Myanmar Unicode စံစနစ်ပေါ်ပေါက်ရေးသည် မရှိမဖြစ်အရေးကြီးဆုံးသော ပထမဦးစားပေးလုပ်ငန်းစဉ်ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Unicode စံစနစ်ကိုသာလိုက်နာမှုမရှိဘဲသုံးနေသရွေ့တော့ ပေးဆပ်ရတဲ့အချိန်တွေ၊ လုပ်အားတွေ၊ အရင်းအနှီးတွေဟာ အဓိပ္ပာယ်မဲ့သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ ဒီမိုကရေစီစံနှုန်းများပြည့်မီရန် E-Government လုပ်ငန်းအောင်မြင်မှသာ ဖြစ်သည့်အတွက် ICT နည်းပညာသုံးသူမှန်သမျှ Unicode စံစနစ်ကို လိုက်နာကြပါရန်မေတ္တာရပ်ခံပြီး အဆိုရှင် ဦးနေဖူးဗဆွေ၏အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မကတော့ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ E-Government ကို အတိုဆုံးပြောရရင် Electronic နည်းပညာအသုံးပြုပြီး တိုင်းပြည်ကိုအုပ်ချုပ်တဲ့ စနစ်လို့ပြောရမှာဖြစ်ပါတယ်။ ဒီနေရာမှာဆွေးနွေးသွားကြတဲ့ကိုယ်စားလှယ်ကြီးများ သုံးစွဲသွားကြတဲ့ Leap Frog ဆိုတဲ့ စကားလုံးလေးကို ဆွေးနွေးချင်ပါတယ်။ နည်းပညာအသုံးချရာမှာ ဖားခုန်သလို ကြားထဲက အဆီးအတားအဆင့်ဆင့်ကို ကျော်လွှားသွားတာကို တင်စားပြောဆိုကြတာဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာမှာနည်းပညာကို ထိရောက်အကျိုးရှိစွာ အသုံးချနေကြတဲ့ ခေတ်တစ်ခေတ်ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံက ဒီမိုကရေစီနိုင်ငံအဖြစ်နဲ့ ခေတ်ကိုအမီလိုက်တဲ့အခါ အခုရှေ့တန်းကိုရောက်နေတဲ့ နိုင်ငံတွေရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲ၊ အတားအဆီးအမျိုးမျိုးကို လွယ်လွယ်ကူကူခုန်ကျော်လိုက်ပြီး တော့ သူတို့အကြိမ်ကြိမ်လက်တွေ့စမ်းသပ်ကျင့်သုံးထားကြတဲ့၊ သုတေသနလုပ်ထားကြတဲ့ နောက်ဆုံး မှာ အကောင်းဆုံးလို့ လက်ခံထားကြတဲ့၊ ကျင့်သုံးနေကြတဲ့နည်းစနစ်တွေကို အလွယ်တကူအတုယူ ကျင့်သုံးလိုက်ရုံပါပဲ။ ပညာရေးကောင်းချင်သလား။ ဘယ်နိုင်ငံမှာအကောင်းဆုံးလဲ။ သူတို့လုပ်နေတဲ့ နည်းစနစ်ကိုလေ့လာအသုံးချရုံပါပဲ။ စီးပွားရေးကောင်းချင်သလား။ ဘယ်နိုင်ငံမှာအကောင်းဆုံးလဲ။ ဘယ်လိုစနစ်နဲ့လုပ်နေသလဲ။ သေသေချာချာလေ့လာ၊ ကျွမ်းကျင်အောင်လေ့ကျင့်ပြီးတော့ အတုယူ ကျင့်သုံးရုံပဲဖြစ်ပါတယ်။ စမ်းတဝါးဝါးနဲ့ အစကပြန်စပြီး ဘယ်နည်းကကောင်းသလဲလို့ လိုက်ရှာနေ စရာမလိုအပ်တော့ပါဘူးရှင်။ အချိန်ကုန်ခံစရာမလိုပါဘူး။ ကောင်းမွန်တဲ့နည်းစနစ်တွေကို ကမ္ဘာမှာ ကိုယ်အနှစ်သက်ဆုံး၊ အကောင်းဆုံးလို့ ကိုယ်တိုင်တွေ့မြင်နေရတဲ့အရာကို ရွေးချယ်အသုံးပြုရုံဖြစ်ပါ တယ်။ ကျွန်မတို့နိုင်ငံဟာ အခုအခါမှာ ရှေ့တန်းကမလိုက်နိုင်ပေမဲ့ နောက်နားကနေ နည်းပညာ အားကိုးနဲ့ ရှေ့ဆုံးနားအထိ ခုန်ကျော်လို့ရနိုင်ပါတယ်။ Electronic နည်းပညာနဲ့ အလုပ်လုပ်တယ်ဆို တာ အခုအချိန်မှာတွေးကြည့်ရင် မဖြစ်နိုင်ဘူးလို့ထင်ရပေမဲ့ Facebook လို လူမှုကွန်ရက်တွေ အသုံး ပြုတာထက်လွယ်ကူပါတယ်။ ယနေ့ကမ္ဘာမှာ နည်းပညာဆိုတာ တီထွင်ရတော့မယ့်အဆင့်လည်း မဟုတ်ပါဘူး။ လေ့လာသုံးစွဲရမယ့်အဆင့် ဖြစ်သွားပါပြီရှင်။ သင်ယူတတ်မြောက်လိုစိတ်ပဲ အရေးကြီး တာဖြစ်ပါတယ်။ အခုဆိုရင် ကျွန်မတို့တိုင်းပြည်မှာ မိုဘိုင်းဖုန်းကနေ အင်တာနက်သုံးစွဲသူလူဦးရေဟာ ၃၉ သန်းကျော် ရှိပါတယ်။ ဒီလို သုံးစွဲသူများအဖို့ E-Government စနစ်ကို လိုက်နာကျင့်သုံးဖို့

**မူကြမ်း**

အလွန်လွယ်ကူပါတယ်။ ကျွန်မတို့နိုင်ငံမှာ လူမှုကွန်ရက်တွေကို ကလေးကအစ အခုဆိုရင်တွင်တွင် ကျယ်ကျယ်အသုံးပြုနေကြပါပြီ။ ဒါဟာ ဘာကိုပြသလဲဆိုတော့ နည်းပညာဆိုတာဟာ ဘယ်လို အကြောင်းကြောင့်မှ သုံးစွဲရန်မခက်ခဲဘဲ လွယ်သည်ထက်လွယ်အောင် တီထွင်ကြံဆထားတယ်ဆိုတာ ပြနေတာပါပဲ။ လုပ်ငန်းရဲ့အစမှာ သက်ဆိုင်ရာဝန်ထမ်းတွေအတွက် လေ့လာသင်ယူရတာတွေ ကုန်ကျ စရိတ်ကြီးမြင့်မှုတွေ စတဲ့အခက်အခဲတွေရှိမှာဖြစ်ပေမဲ့ ရေရှည်မှာစနစ်ကျတဲ့ အခွန်ကောက်ခံမှုတွေ၊ ပွင့်လင်းမြင်သာမှုတွေ၊ စာရင်းအင်းတိကျသေချာမှုတွေကြောင့် ခြစားမှုကို ပျောက်ကွယ်စေနိုင်ခြင်းဟာ အလွန်အရေးပါတဲ့ အကျိုးရလဒ်ဖြစ်မှာပါရှင့်။ ရေရှည်မှာလည်း ကုန်ကျစရိတ်သက်သာတဲ့ ဆန်းစစ် ချက်များရရှိတာကြောင့် အမြန်ဆုံးစတင်ကျင့်သုံးသင့်ပါတယ်။ နိုင်ငံတကာကိုလေ့လာကြည့်ရင် E-Government စနစ်အတွက် GDP ရဲ့ အချိုးအလိုက် ရင်းနှီးမြှုပ်နှံမှုတွေကိုကြည့်မယ်ဆိုရင် UK မှာ one Percent၊ စင်ကာပူမှာသူတို့ GDP ရဲ့ 0.8 Percent၊ အမေရိကန်မှာ 0.5 Percent၊ ထိုင်ဝမ်မှာ 0.4 Percent စသဖြင့်သတ်မှတ်ပြီးတော့ ရင်းနှီးမြှုပ်နှံကြတာ ဖြစ်ပါတယ်။ ဒီစနစ်ကို အသုံးပြုခြင်း အားဖြင့် သမားရိုးကျစနစ်သုံးစွဲစဉ်က ကုန်ကျစရိတ်ရဲ့ GDP ရဲ့ 2 Percent ခန့်သက်သာစေကြောင်း ကို ခုနက ကိုယ်စားလှယ်ကြီး ဦးသန်းစိုးအောင်ကလည်း ပြောပြသွားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေ နဲ့ဆိုလို့ရှိရင် ခန့်မှန်းခြေကျပ်သန်း တစ်သန်းကျော်လောက်ကို သက်သာနိုင်မှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ ဒီမှာဆိုလို့ရှိရင် E-Government စနစ်ရဲ့ အခြေခံဟာ သတင်းအချက်အလက်တွေ Information တွေဖြစ်တယ်ဆိုတာကို ပြထားတာဖြစ်ပါတယ်။ အထွဋ်အထိပ်အနေနဲ့ E-Democracy စနစ်ကို သွားနိုင်တယ်ဆိုတာကို ပြထားတာဖြစ်ပါတယ်ရှင်။ ဒီမှာ ပါဝင်ပတ်သက်ရမယ့် အဖွဲ့အစည်းတွေဟာ Private Sector တွေပါတယ်။ အစိုးရတွေပါတယ်။ မီဒီယာတွေပါတယ်။ ပြည်သူလူထုတွေပါတယ်။ ဒါကတော့ E-Government စနစ်ကို အသုံးပြုတဲ့ အတွက် သမားရိုးကျ Government စနစ်ထက်ပိုပြီးတော့ အဆင့်တွေဘယ်လောက်အထိ ခုန်ကျော် ပြန်လွှားနိုင်တယ်ဆိုတာကို ပြထားတာဖြစ်ပါတယ်။ ဒါကတော့ ပထမဦးဆုံးအဆင့်အနေနဲ့ တီဗွီတွေ၊ သတင်းစာတွေကနေပြီးတော့ အစိုးရက သတင်းဖြန့်ချိတာ၊ နောက် ဒုတိယအဆင့်အနေနဲ့ကတော့ ပိုပြီးတော့ကောင်းလာပြီးတော့ Update ဖြစ်တဲ့သတင်းတွေ ပေးနိုင်တာ၊ တတိယအဆင့်ကကျတော့ Online ကနေပြီးတော့ လိုင်စင်တွေဘာတွေကို Download လုပ်ပြီးတော့ လေ့လာနိုင်တာ၊ နောက် တစ်ဆင့်ကကျတော့ Online ကနေပဲ အရာရာသုံးစွဲပြီးတော့ အသုံးပြုနိုင်တာဖြစ်ပါတယ်ရှင်။ အခု ဆိုလို့ရှိရင် အရာရာအသုံးပြုနိုင်တဲ့ All Purpose Digital IT စနစ်ကို နိုင်ငံပေါင်းတစ်ရာကျော်မှာ

သုံးစွဲနေပြီဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ နောက်ပြီးတော့ မိမိနိုင်ငံရဲ့ အခြေခံအချက်အလက်တွေကို Data Portal တွေနဲ့ နိုင်ငံပေါင်း ၁၂၈ နိုင်ငံမှာ ထုတ်လွှင့်ထားပြီဆိုတာကို တွေ့ရှိရပါတယ်ရှင်။ နောက်ပြီးတော့ အနီးစပ်ဆုံးဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ E-Government စနစ်ကျင့်သုံးအောင်မြင်နေတဲ့ စင်ကာပူနိုင်ငံကို ပြရမယ်ဆိုလို့ရှိရင် အကုန်လုံး Digital IT တစ်ခုအသုံးပြုရုံနဲ့ မြေပုံတွေ၊ ဌာနဆိုင်ရာအချက်အလက်တွေ၊ တင်ဒါတွေ၊ အခွန်ကိစ္စတွေ၊ ခွင့်ပြုချက်တောင်းတာတွေအားလုံးကို လေ့လာပြီးတော့ ပြည်သူလူထုဟာ သုံးစွဲနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုလို့ရှိရင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ ဥက္ကဋ္ဌကြီးမှာကြားခဲ့သလိုပဲ ဒီမိုကရေစီအပင်ပေါက်လေး သင်းသတ်မခံရဖို့အတွက် အရေးကြီးတဲ့လုပ်ဆောင်မှုတစ်ရပ်ဖြစ်တဲ့ E-Government စနစ်ကို အရှိန်အဟုန်မြှင့်ပြီးတော့ အကောင်အထည်ဖော်ဆောင်နိုင်ဖို့ ဦးနေဖူးဗဆွေရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာ E-Government သည် သမားရိုးကျလုပ်ဆောင်နေတဲ့ အစိုးရရဲ့လုပ်ငန်းများနဲ့ ဝန်ဆောင်မှုများကို ICT နည်းပညာအသုံးချ၍ ပြည်သူ့အခန်းကဏ္ဍကို ဝန်ဆောင်မှုပေးရာမှာ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ E-Government အဆင့်ဟာ ကမ္ဘာနှင့်နှိုင်းယှဉ်လျှင် နိမ့်ကျနေပြီး အာဆီယံတွင်လည်း အနိမ့်ဆုံးအဆင့်ရောက်ရှိနေတာကို တင်ပြပါ Slide မှာ၊ UN က ထုတ်ပြန်ထားတဲ့ Slide မှာ ကြည့်ရင်သိနိုင်ပါတယ်။ ဒီလိုနိမ့်ကျရတဲ့အကြောင်းရင်းထဲမှာ လူ့စွမ်းအားအရင်းအမြစ်မလုံလောက်မှုနဲ့ အမျိုးသား ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းသည်လည်း အရေးကြီးတဲ့အကြောင်းတစ်ရပ်အဖြစ် ပါဝင်နေတဲ့အတွက် ကျွန်တော့်အနေနဲ့ အထက်ပါအကြောင်းအရာကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါ ကျွန်တော်တို့နိုင်ငံမှာ Mobile ဆင်းကတ်ပေါင်း ၄၂ သန်းကျော်ဖြန့်ထားပြီးတော့ ငါးလက်မအရွယ် ကွန်ပျူတာငယ်အရေအတွက် ၂၀ သန်းဝန်းကျင်သည် ပြည်သူ

လူထုထံပျံ့နှံ့နေပြီဖြစ်တဲ့အတွက် အားကိုးရလောက်တဲ့ အခြေခံအဆောက်အအုံတစ်ရပ်ကိုရရှိနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် G to C-Government to Citizens, G to B- Government to Business, G to G- Government to Government ကို ဆောင်ရွက်ရာမှာလည်းပဲ ICT ကျွမ်းကျင်မှု(Skill) သည် အရေးကြီးတဲ့အချက်တစ်ချက်အဖြစ် ပါဝင်ပါတယ်။ ပထမဦးစွာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးအတွက် ထိရောက်တဲ့ မူဝါဒတွေ၊ စီမံကိန်းတွေ ချမှတ်ထားရှိဖို့လိုပါမယ်။ နိုင်ငံတော် အစိုးရအနေဖြင့် ICT နယ်ပယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေဖို့ရည်မှန်းပြီး အစီအစဉ်များချမှတ် ဆောင်ရွက်ရပါမယ်။ E-Government အကောင်အထည်ဖော်ရာမှာ မအောင်မြင်စေတဲ့အချက် ငါးချက်ဖြစ်တဲ့ တင်ပြထားတဲ့ Slide မှာပါတဲ့ Lack of ICT Skill – ICT ကျွမ်းကျင်မှုအားနည်းခြင်း သည် အရေးကြီးအချက်တစ်ချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကောင်အထည်ဖော်မယ့်ဌာနဆိုင်ရာ လုပ်ငန်းများအတွက် Capacity Building Skill Development Programs များ လုပ်ဆောင်ဖို့ လိုပါမယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် သို့မဟုတ် အစိုးရဝန်ထမ်းမွမ်းမံ သင်တန်းကျောင်းများမှာလည်း အသုံးချ ICT နည်းပညာသင်တန်းများကို မဖြစ်မနေထည့်သွင်းပေး ခြင်းဖြင့် ဝန်ထမ်းများရဲ့ ICT နည်းပညာအသုံးချနိုင်စွမ်းများကို ထိရောက်စွာမြှင့်တင်ဆောင်ရွက်ပေး နိုင်မှာဖြစ်ပါတယ်။ E-Government သင်တန်းများမှာလည်း ICT ကျွမ်းကျင်မှု(Skill)လေ့ကျင့် သင်ကြားပေးခြင်း၊ ဗဟုသုတ(Knowledge)များ မျှဝေပေးခြင်း၊ ကျင့်ဝတ်နှင့်ပတ်သက်တဲ့ သင်တန်း များကိုလည်း ပို့ချပေးရပါမယ်။ ထိုအချက်ကို E-Government Planning စလုပ်ကတည်းက စဉ်းစားဖို့လိုပါမယ်။ E-Government ဝန်ဆောင်မှုပေးတဲ့သူများ စိတ်နေသဘောထား(Attitude)နဲ့ ကျင့်ဝတ်(Ethics)ကိုပြောင်းလဲပေးရန်ပြုလုပ်ပေးခြင်းမှာ ပိုမိုအရေးကြီးမှာ ဖြစ်ပါတယ်။ ဒါမှသာ E-Government အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ အားလုံးပူးပေါင်းပါဝင်လာပြီး လုပ်ငန်း များကို လက်ခံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံကဲ့သို့ နိုင်ငံများမှာလည်းပဲ အစိုးရ ဝန်ထမ်းများအတွက် E-Government Training Center များကို သီးခြားဖွင့်လှစ်ဆောင်ရွက် ပေးတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူများကလည်းပဲ E-Government ကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးများ သိရှိသဘောပေါက်စေရန် ဆောင်ရွက်ရပါမယ်။ သို့အတွက် Exhibition ဟောပြောပွဲများ၊ စာစောင် များ၊ တီဗွီအစီအစဉ်များဖြင့် အသိပညာပေးရပါမယ်။ E-Government ကို အသုံးလုံးကဲ့သို့ နိုင်ငံ့တစ်ဝန်းအတိုင်းအတာဖြင့် ပညာပေးဆောင်ရွက်ရပါမယ်။ အခြားနိုင်ငံတွေမှာ တော့ ICT Education ကို မူလတန်းအဆင့်မှ စတင်သင်ကြားနေတာကို တွေ့ရမှာဖြစ်ပါတယ်။

**မူကြမ်း**

ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံရဲ့ပညာရေးစနစ်မှာလည်း ICT Education ကို ထည့်သွင်းရေးဆွဲသင်ကြားပေးဖို့ လိုပါမယ်။ ကျောင်းသားလူငယ်များ လုပ်ငန်းခွင်နှင့်ရင်းနှီးစေဖို့နဲ့ ကျွမ်းကျင်တိုးတက်စေရန် တက္ကသိုလ်များနှင့် ICT လုပ်ငန်းစုများ၊ အစိုးရဌာနများနှင့်ပူးပေါင်း၍ လုပ်ငန်းခွင်အလုပ်သင် အစီအစဉ်ကိုလည်း ဖော်ဆောင်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် E-Government လုပ်ငန်းများ သို့မဟုတ် အခြား ICT လုပ်ငန်းများဆောင်ရွက်ရာမှာ အစိုးရပြင်ပပူးပေါင်းဆောင်ရွက်ခြင်း(Private Public Partnership)ပုံစံဖြင့် ပြည်တွင်းရှိ ICT စီးပွားရေးလုပ်ငန်းများကို အားကောင်းစေရန် စီစဉ်ဆောင်ရွက်သင့်ပါတယ်။ ပြည်သူများရဲ့ စွမ်းဆောင်ရည်နဲ့ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိရဲ့ ကုန်ပစ္စည်းကို အများပြည်သူများ စိတ်ဝင်စားလာအောင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်သကဲ့သို့ အများပြည်သူသိရှိနိုင်တဲ့အတွက်လည်း မီဒီယာများမှာ ထည့်သွင်းကြေညာခြင်း စသဖြင့် ပြုလုပ်မှသာ ပြည်သူများရဲ့စိတ်ဝင်စားမှု ရရှိလာမှာဖြစ်ပြီး E-Government ဝန်ဆောင်မှုကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ E-Government ကို အကောင်အထည်ဖော်ရာမှာ ဝန်ကြီးဌာနတိုင်းအတွက် Web Portal ကိုလည်း ဦးစားပေးဆောင်ရွက်ဖို့ လိုပါမယ်။ ဝန်ကြီးဌာနတိုင်းမှာ ရှိပြီးသားဖြစ်သော်လည်း မည်သည့်အဆင့်ရောက်ရှိနေသည်ဆိုတာကိုတော့ ပြန်လည်စိစစ်သင့်ပါတယ်။ အကျိုးကျေးဇူးများအနေနဲ့ကတော့ ပြည်သူများရဲ့သတင်းအချက်အလက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ခြင်း၊ ပြည်သူများရဲ့ ဖြည့်စွက်ရမယ့် Form တွေ၊ စည်းကမ်းချက်တွေကို လွယ်ကူလျင်မြန်စွာရရှိစေမှာဖြစ်ခြင်း၊ ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းစွမ်းဆောင်ရည် မြန်ဆန်တိုးတက်လာစေခြင်းနှင့် ပုံမှန်စက္ကူသုံးစွဲမှု လျှော့ချနိုင်ခြင်းတို့ကိုရရှိစေမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ E-Government ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ အောင်မြင်စေတဲ့ အချက်ငါးချက်ဖြစ်တဲ့ တင်ပြပါ 5 C ထဲမှာ စွမ်းရည်နှင့် ICT ဆိုင်ရာအရင်းအမြစ် Capacity ဟာ အရေးကြီးတဲ့ကိစ္စတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ လိုပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ E-Government အတွက် အခြေခံကောင်းများ ရရှိနေပြီဖြစ်ပါ၍ Myanmar Digital Leap Frog စနစ်ဖြင့် ကျော်လွှားပြီး ရင့်ကျက်တဲ့ E-Government ပုံစံသစ်နဲ့ E-Democracy အသိုက်အဝန်းကို တိုက်ရိုက်ကူးပြောင်းနိုင်ဖို့အကြံပြုပြောကြားရင်း ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦခမ်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ E-Government အတွက် ဘတ်ဂျက် သုံးစွဲခြင်းဖြင့် အခြားဘတ်ဂျက်တွေသက်သာစေခြင်း၊ လက်ရှိအစိုးရဟာ E-Government နိုင်ငံကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ ရင်ဆိုင်နေရတဲ့ ပြဿနာတွေ အများကြီးရှိပါတယ်။ အဲဒီပြဿနာတွေထဲကနေပြီးတော့ ဘတ်ဂျက်နဲ့ပတ်သက်တဲ့ အခက်အခဲတွေ ရင်ဆိုင်နေရတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီကြုံတွေ့နေရတဲ့ အခက်အခဲတွေထဲကနေပြီးတော့ E-Government စနစ်အကောင်အထည်ဖော်ရန် ငွေကြေးရင်းနှီးမှု များစွာ လိုအပ်ပါတယ်။ Hardware ပိုင်းဆိုင်ရာ၊ Software ပိုင်းဆိုင်ရာစနစ် ဝယ်ယူရတဲ့စရိတ်တွေ ရှိပါတယ်။ စနစ်စီမံခန့်ခွဲရတဲ့စရိတ်များစွာရှိပါတယ်။ Technical Infrastructure တွေအတွက် စရိတ် များစွာ ကုန်ကျရမှာ ဖြစ်ပါတယ်။ Data Center တွေ၊ Cloud တွေ တည်ဆောက်ရတဲ့ စရိတ်များစွာ ရှိပါတယ်။ ဒီလိုအခက်အခဲတွေကို ကျော်လွှားခြင်းအားဖြင့် E-Government ကို အကောင်အထည် ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလို အကောင်အထည်ဖော်တဲ့အခါမှာ ရရှိလာမယ့်အကျိုး ကျေးဇူးတွေကတော့ နိုင်ငံတော်ရဲ့ယန္တရားစနစ်ကြီးတွေဟာ ပိုမိုပြီးတော့ မြန်ဆန်လာမှာ ဖြစ်ပါတယ်။ လုပ်ငန်းသတင်းအချက်အလက်တွေ ပွင့်လင်းမြင်သာမှုတွေရှိလာမယ်။ အချိန်ကုန်သက်သာမှုတွေရှိ လာမယ်။ စီမံခန့်ခွဲမှု၊ မှတ်တမ်းထိန်းသိမ်းထားမှုတွေ ပိုမိုအားကောင်းလာမှာ ဖြစ်ပါတယ်။ ပြည်သူ တွေရဲ့ ခံယူချက်တွေ Attitude စသဖြင့် တိုးတက်လာမှာ ဖြစ်ပါတယ်။ လုပ်ငန်းတာဝန်ယူမှုတွေ ကောင်းမွန်လာပါမယ်။ အဓိကပြောင်းလဲမှုကြီးကတော့ ပြည်သူ့အတွက်ကောင်းမွန်သော အစိုးရ တစ်ရပ်ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတကာတွေကနေပြီးတော့ E-Government ကို အသုံးပြုဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ E-Government ကို အကောင်အထည်ဖော်ခြင်းဖြင့် Good Saving ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ဘတ်ဂျက်ကို ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါတယ်။ E-Government ကို အခြားနိုင်ငံတွေကနေ ရင်းနှီးမြှုပ်နှံမှုတွေ အခုနက ကိုယ်စားလှယ်တော်ကြီးပြောထားတဲ့အတိုင်း UK မှာ တစ်ရာခိုင်နှုန်း၊ စင်ကာပူဆိုရင် ၀.၈ ရာခိုင်နှုန်း၊ USA ၀.၅ ရာခိုင်နှုန်း၊ ထိုင်ဝမ် ၀.၄ ရာခိုင်နှုန်းစသဖြင့် သူတို့ရင်းနှီးမြှုပ်နှံတာကို တွေ့ရပါ

တယ်။ ကိုရီးယားမှာဆိုရင်လည်းပဲ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီးတော့ E-Government စနစ်တည်ဆောက်နေတာကို၊ သုံးစွဲတာကို တွေ့ရပါတယ်။ ၂၀၀၄ ခုနှစ် Computer Information Budget ရဲ့ ၁၀ ရာခိုင်နှုန်းကို ထုတ်ယူပြီးတော့ ဝန်ကြီးဌာနတွေစုပေါင်းသုံးစွဲမယ့် Multi-Ministry Horizontal Government Project တွေကို သီးသန့်သုံးစွဲနေတာကိုလည်းပဲ တွေ့ရှိရပါတယ်။ လက်ရှိနိုင်ငံတွေရဲ့ ဘတ်ဂျက်တစ်ခုလုံးကို တစ်ရာခိုင်နှုန်း E-Government တည်ဆောက်ရေးနေရာမှာ သုံးစွဲနေတာကိုလည်း တွေ့ရှိရပါတယ်။ အခုနက ဦးနိုင်နိုင်ဝင်း၊ တမူးမဲဆန္ဒနယ်ကတင်ပြထားတဲ့အတိုင်းပဲ Estonia မှာလည်းပဲ All Purpose ID Card ကို အသုံးပြုတဲ့အတွက် Paper Based Transition တွေကိုလည်း ဖြုတ်ပစ်နိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ Annual GDP 2 % Good Saving ဖြစ်တာကိုလည်းပဲ တွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်းပဲ အလားတူစနစ်ကောင်းတွေ ဖော်ဆောင်နိုင်ရင် ကျွန်တော်တို့ရဲ့ ၂၀၀၄ ခုနှစ် စာရင်းအရဆိုရင် ဒီဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံရဲ့ Annual GDP ဟာ ၅၃ Trillion နဲ့ ၂ ရာခိုင်နှုန်း သက်သာမယ်လို့ ပြောပါတယ်။ အဲဒီ ငွေကြေးဟာ ကျပ်သန်းပေါင်းတစ်သန်းကျော် 1.6 Trillion သက်သာမှာဖြစ်ပါတယ်။ ဒါ့အပြင်နိုင်ငံတော်မှာလိုအပ်နေတဲ့ ပညာရေး၊ ကျန်းမာရေး၊ အခြားနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဖြည့်ဆည်းသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံမှာလည်းပဲ E-Government ကို မဖြစ်မနေသုံးစွဲသင့်ပါကြောင်း ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစစ်နိုင်(မင်းပြားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က မင်းပြားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစစ်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်ရဲ့ E-Government နဲ့ပတ်သက်တဲ့အဆိုအား ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ E-Government ဆိုတာ Government ရဲ့လုပ်ငန်းစဉ်တွေမှာ ICT ကို Tool အဖြစ်အသုံးပြုပြီး ကျွမ်းကျင်ထိရောက်စွာနဲ့ အကျိုးရှိစွာဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ E-Government အဆင့်ဟာ ကမ္ဘာနှင့်နှိုင်းယှဉ်လျှင်နိမ့်ကျနေပြီး အာဆီယံမှာတော့ အနိမ့်ဆုံးဆိုတာ အားလုံးကြားသိကြပြီးဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ E-Government Index နဲ့ Corruption Index တို့ဟာ ပြောင်းပြန်အချိုးကျဆက်နွယ်နေတဲ့အတွက်

E-Government ကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ခြင်းဖြင့် အကျင့်ပျက်ခြစားမှုလျော့နည်းပြီး လာဘ်ပေးလာဘ်ယူမှုလျော့နည်းကာ အဲဒီဒဏ်ကို အဓိကခံစားနေရတဲ့ အောက်ခြေပြည်သူများ လူမှုစီးပွားဘဝတည်ငြိမ်မြင့်တက်ပြီး ပြည်သူ့ဘဝလုံခြုံမှုအကျိုးကျေးဇူးများ ခံစားရစေမှာဖြစ်ပါတယ်။ E-Government ဖော်ဆောင်ရာမှာ 5C လို့ခေါ်တဲ့ Connectivity, Community, Capacity, Collaboration and Cash တို့ပေါ်မှာ အခြေခံတည်ဆောက်ကြပါတယ်။ တစ်ချိန်ကဆိုရင် လူထုမီဒီယာဖြစ်တဲ့ Radio ဟာ သုံးစွဲသူ သန်း ၅၀ ရဖို့ ၃၈ နှစ်ကြာမြင့်ခဲ့ပြီး TV ပေါ်လာချိန်မှာ ၁၃ နှစ်၊ Internet လေးနှစ်၊ Facebook ၃.၅ နှစ်နှင့် ယနေ့အချိန်တွင် မည်သည့် Application တစ်ခုကိုမဆို ရေးဆွဲလိုက်တိုင်း သုံးစွဲသူသန်း ၅၀ ရရှိရန် ရက်ပေါင်း ၅၀ သာကြာတော့တဲ့ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း Mobile SIM Card သန်း ၄၀ ကျော်ဖြန့်ကျက်ထားပြီး သန်း ၂၀ ခန့်က Smart Phone နဲ့ Tablet များဖြစ်ကာ ငါးလက်မအရွယ် ကွန်ပျူတာများကဲ့သို့ စွမ်းဆောင်ရည်ရှိပါတယ်။ နည်းပညာနဲ့ HR ပိုင်းမှာလည်း တက္ကသိုလ်များကမွေးထုတ်လိုက်တဲ့ ပညာရှင်များ၊ နိုင်ငံရပ်ခြားမှ ပြန်လာသူများ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကြောင့် တိုးတက်တဲ့အခြေအနေကောင်းတစ်ရပ်ပေါ်မှာ ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ E-Government အရှိန်အဟုန်မြှင့်ဖော်ဆောင်မှုကို Master Major National Agenda တစ်ခုအဖြစ်သတ်မှတ်ပြီး E-Government Master Plan နဲ့ဆက်စပ်တဲ့ Stertegic Action Plan များချမှတ်ကာ ရည်မှန်းချက်နဲ့ လုပ်ငန်းစွမ်းဆောင်ရည်တိုင်းတာချက် KPI-Key Performance Indicator များ သတ်မှတ်ပြီးဆောင်ရွက်သင့်ပါတယ်။ ဥပမာ- UN E-Government State ရဲ့ 2,3,4 Level တွေကို မည်သည့်အချိန်မှာ မည်သည့်ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ ပြည်သူမည်မျှရာခိုင်နှုန်းက သုံးစွဲဖော်ဆောင်နိုင်ပြီး ဝန်ဆောင်မှုပေးပြီးဖြစ်ရမည်ဆိုတဲ့ သတ်မှတ်ချက်များဖြစ်ပါတယ်။ E-Government ဖော်ဆောင်ရာမှာ ဘတ်ဂျက်ကိုတော့ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဖြစ်သော်လည်း ရေရှည်မှာအကျိုးရှိတဲ့အတွက် မိမိနိုင်ငံနဲ့သင့်တော်တဲ့ အတိုင်းအတာအရ ညှိနှိုင်းဖော်ဆောင်ရမှာဖြစ်ပါတယ်။ ရှေ့ကပြောသွားသလို UK၊ စင်ကာပူ၊ USA၊ ထိုင်းဝမ် တွေမှာလည်း GDP ရဲ့ တစ်ရာခိုင်နှုန်းကနေ ၀.၈ ရာခိုင်နှုန်း၊ ၀.၅ ရာခိုင်နှုန်းနဲ့ ၀.၄ ရာခိုင်နှုန်း အသီးသီးအသုံးပြုကြပါတယ်။ အက်စတိုနီးယားနိုင်ငံမှာလို မြန်မာနိုင်ငံမှာလည်း All Purpose ID Card ကိုသုံးပြီး Paper Based Transition တွေကို ဖြုတ်ပစ်လိုက်နိုင်ရင် Annual GDP ရဲ့ နှစ်ရာခိုင်နှုန်း Saving ဖြစ်မှာအတွက် ၂၀၁၄ ခုနှစ် Annual GDP ဟာ ၅၃ ထရီလီယံကျပ်ရှိပြီး နှစ်ရာခိုင်နှုန်းသက်သာရင် ကျပ်ဘီလီယံ ၁၀၆၀ သက်သာစေပြီး ပိုထွက်လာမယ့်ငွေတွေကို ပြည်သူ့

အကျိုးပြု အခြေခံ Infrastructure တွေမှာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ E-Government ရဲ့ဝန်ဆောင်မှုတွေဖြစ်တဲ့ တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ၊ သတင်းနှင့်ကြေညာချက်များ၊ မိုးလေဝသနှင့်သဘာဝဘေးအန္တရာယ်သတင်းများ၊ နိုင်ငံသားကတ်ပြုလုပ်ခြင်းများကို အခမဲ့အကျိုးခံစားရပြီး အခြား Value Added ဝန်ဆောင်မှုတွေဖြစ်တဲ့ ယာဉ်မောင်းလိုင်စင်၊ ယာဉ်စစ်ဆေးခြင်း၊ E-Passport, E-Visa လိုင်စင်အမျိုးမျိုး စသည်တို့ကို E-Government ဝန်ဆောင်မှုကနေ ပြည်သူများ ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ ဒီလိုအချိန်အခါအခြေအနေကောင်းတွေရောက်ရှိနေချိန် အရပ်သားဒီမိုကရေစီအစိုးရလက်ထက် အခြေခံအဆောက်အအုံတွေ အသင့်ဖြစ်နေချိန်မှာ ပြည်သူများရဲ့ အစိုးရအပေါ် မျှော်လင့်ချက်ကြီးမားစွာနဲ့ အပြောင်းအလဲကိုစောင့်နေချိန်စတဲ့ ဘုံဆုံမှတ်တစ်ခုအပေါ် ရောက်ရှိနေချိန်မှာ အစိုးရအနေနဲ့ E-Government ကို ဖော်ဆောင်ရာမှာ လွဲမှားတဲ့မူဝါဒလမ်းစဉ်များ၊ ဆီးသီးဗန်းမှောက်ချိန်ကလို ဘဏ္ဍာငွေသုံးစွဲမှုအလွဲများ၊ လူမှန်နေရာမှန်မရှိတဲ့ လက်သင့်နီးစပ်ရာ လူကိုသာ ဦးစားပေးခြင်းတို့ကြောင့် မအောင်မြင်ခဲ့တဲ့ ဇာတ်မျောကြီးဖြစ်နေခဲ့ရင် E-Government ကို ပြည်သူတွေရဲ့ အထင်အမြင်သေးမှု၊ အစိုးရအပေါ်ယုံကြည်အားကိုးစိတ်တွေကျဆင်းလာမယ့် အခြေအနေတွေရှိနေတာကိုလည်း ပြည်သူ့အသံကိုနားစွင့်ရင်း ပြည်သူများကိုယ်စားအသိပေးတင်ပြလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို ဦးဆောင်ပြီး အစိုးရရဲ့ဗျူရိုကရေစီ Mechanism တွေကို မောင်းနှင်နေရတဲ့ ပြည်သူကိုအလုပ်အကျွေးပြုတဲ့အစိုးရဟာ မိမိကိုယ်တိုင်အရင်ဦးစွာ ခေတ်မီတိုးတက်မှုရှိမှသာ ပြည်သူတွေကိုလည်း ခေတ်မီတိုးတက်ဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများ ပြည်တွင်းပြည်ပမှာ အဆင့်အတန်းမီတဲ့နိုင်ငံသားများဖြစ်လာအောင် နိုင်ငံတကာမှာ နိုင်ငံရဲ့ပုံရိပ်မြင့်မားလာအောင် စီးပွားရေးမူဝါဒအခြေခံမူ ၁၂ ရပ်ထဲက E-Government ထူထောင်ရန် နောင် ၁၀ နှစ်မှ မြန်မာနိုင်ငံဟာ အာဆီယံမှာရှေ့ကရှိနေရမည်ဆိုတဲ့ ရည်မှန်းချက်တွေအောင်မြင်ဖို့ ပြောင်းလဲနေပြီဆိုတာ ပြည်သူတွေလက်တွေ့ခံစားနိုင်ဖို့ E-Government ဖော်ဆောင်မှုကို အရှိန်အဟုန်မြှင့်တင်ရန်လိုအပ်တယ်ဆိုတာ ပေါ်လွင်နေကြောင်းနှင့် လက်ရှိအစိုးရအပေါ်မှာ တာဝန်ကျရောက်နေကြောင်း ပြည်သူများအတွက်လည်း အကျိုးပြုမယ်ဆိုတာ ပြည်သူများရဲ့ရှုထောင့်ကနေ လိုတိုရှင်းဆွေးနွေးတင်ပြပါတယ်။ ဒါကြောင့် ဆိုလိုရင်းဖြစ်တဲ့ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်ရဲ့အဆိုအား လေးနက်စွာထောက်ခံပါကြောင်း ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ကျွန်တော်တို့ဟာ E-Government စနစ်ကို လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကတည်းက စတင်လုပ်ကိုင်လာပါတယ်။ အခုနက ရှေ့မှာကိုယ်စားလှယ်ကြီးတွေလည်း အကုန်တော်တော်များများဆွေးနွေးသွားကြပါတယ်။ နောက်ပြီးတော့မှ အခုလက်ရှိအခြေအနေမှာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံနဲ့လည်း သွားနေတယ်။ ပြီးတော့ နောက်တစ်ချက်က ဒီနည်းပညာအရလည်း ကျွန်တော်တို့တွေရဲ့လက်ထဲမှာ ကိုယ်စားလှယ်ကြီး ဦးစိုင်းကျော်မိုး ဆွေးနွေးသွားတဲ့အထဲမှာ ပါပါတယ်။ ကျွန်တော်တို့ပြည်သူတွေကြားထဲမှာ ၄၂ သန်းသော ဖုန်းတွေ၊ ဖုန်းကတ်တွေ ပျံ့နှံ့နေတယ်။ သန်း ၂၀ ကျော်သော ကွန်ပျူတာအသေးစားလို့ပြောနိုင်တဲ့ စမတ်ဖုန်းတွေ ပျံ့နှံ့နေတယ်။ ဒီဟာက တကယ့်အခြေအနေကောင်း၊ အချိန်အခါကောင်းတစ်ခုဖြစ်ပါတယ်။ ဒီဟာကို အခွင့်အခါကောင်းတစ်ခုအနေနဲ့ ရယူသုံးစွဲသွားဖို့အတွက် အရေးကြီးပါတယ်။ နိုင်ငံတကာမှာ နည်းပညာကို အသုံးပြုပြီးတော့မှ နိုင်ငံဖွံ့ဖြိုးဖို့အတွက်ကို အခုလုပ်ဆောင်နေကြရပြီ။ ကျွန်တော်တို့နိုင်ငံက ဒီဟာကို မသွားနိုင်ဘူးဆိုတာ သေချာစဉ်းစားဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့က အင်ဂျင်ပါတဲ့ မော်တော်ဘုတ်ကြီးကို တက်စီးထားပြီးတော့မှ ဆီထည့်ရမှာကြောက်လို့၊ စက်မထိန်းနိုင်မှာစိုးလို့အတွက်ဆိုပြီးတော့ လက်နဲ့လှော်နေရတဲ့အနေအထားမျိုးမဖြစ်စေဖို့အတွက် သတိရှိဖို့လိုပါတယ်။ ဒီတော့ လက်ရှိအနေအထားမှာလည်း ကျွန်တော်တို့က ကိုယ်စားလှယ်ဖြစ်တဲ့အခါမှာ မဲဆန္ဒရှင် ပြည်သူတွေနဲ့ ကျွန်တော်တို့ Facebook နဲ့ဆက်သွယ်တာမျိုးတွေလုပ်တယ်။ Viber နဲ့ဆက်သွယ်တာမျိုးတွေလုပ်တယ်။ ဒါပေမဲ့ ထိရောက်မှုအခြေအနေတော့ရှိသော်ငြားလည်းပဲ ဒါက တရားဝင်အနေအထားမျိုး မဟုတ်ဘူး။ ဒါပေမဲ့ ပြည်သူကို ကိုယ်စားပြုတဲ့ ပါလီမန်စနစ်ကို သွားမယ်ဆိုလို့ရှိရင် ဒီဟာကို အနှေးနဲ့အမြန် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အများကြီးလိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အခုနက အသုံးပြုတဲ့ Facebook တို့၊ Viber တို့အစား ဒီထက်ပိုပြီးတော့ ဥပဒေအရကာကွယ်ပေးနိုင်တဲ့ စနစ်တွေနဲ့ သွားနိုင်ဖို့အတွက် အရေးကြီးပါတယ်။ အဲဒီအခါမှာ ဥပဒေအရလည်း ရှိပြီးသား ဥပဒေတွေကို ပြင်ဆင်ဖို့လိုအပ်တယ်။ နောက်ပြီးတော့မှ ဥပဒေအသစ်တွေ ထပ်ပြီးတော့

ပြဋ္ဌာန်းဖို့လည်း လိုအပ်ပါတယ်ခင်ဗျား။ ဒါနဲ့ပတ်သက်ပြီးတော့ Power Point အသုံးပြုခွင့်ပေးပါ ခင်ဗျား။ လက်ရှိမှာ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ဥပဒေတွေက ၁၉၉၆ ခုနှစ် ဒါကတော့ E-Government နဲ့ သက်ဆိုင်တယ်လို့ ပြောလို့ရတဲ့ ဥပဒေတွေပါ။ ၁၉၉၆ ခုနှစ်၊ ကွန်ပျူတာပညာ ရပ်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ်၊ အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ။ ဒါတွေကသက်ဆိုင်တဲ့ဥပဒေတွေပါ။ ဒါနဲ့ပတ်သက်ပြီးတော့မှ အမိန့်တွေထုတ်ပြန်ထားတာ ရှိပါတယ်။ ၂၀၀၂ ခုနှစ်မှာ ထုတ်ပြန်ထားတဲ့ Wide Area Network အသုံးပြုပြီးတော့မှ ကွန်ပျူတာ ကွန်ရက်များ၊ Application များ တည်ဆောက်ခြင်းဆိုင်ရာအမိန့် ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ E-Government နှင့် ဆက်စပ်နေတဲ့ ဥပဒေတွေကို တင်ပြချင် ပါတယ်။ ဒါကတော့ Intellectual Property လို့ခေါ်တဲ့ အသိဉာဏ်ပညာဆိုင်ရာမူပိုင်ခွင့်ဥပဒေ။ ဒါကတော့ လွှတ်တော်မှာပြဋ္ဌာန်းဖို့အတွက်ကိုအပြင်မှာ ကြိုးစားနေကြပါပြီ။ နောက်တစ်ချက်က ရှိပြီးသား ဥပဒေတွေဖြစ်ပါတယ်။ ဆက်စပ်တဲ့ဥပဒေ။ အစိုးရလျှို့ဝှက်ချက်များဆိုင်ရာဥပဒေ၊ နောက်တစ်ချက် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအမှတ်(၇၃)။ ဒါကတော့ သက်သေခံဥပဒေကို ပြင်ဆင်တဲ့ဥပဒေပါ။ Electronic Document တွေကို တရားရုံးတွေမှာ သက်သေခံတင်ပြနိုင်ဖို့အတွက်ကို ပြုပြင်ထားတဲ့ဥပဒေဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၁၆)။ ဒါကတော့ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ ဖြစ်ပါတယ်။ အဲဒီထဲမှာဆိုလို့ရှိရင် ဥပဒေပုဒ်မ ၄၄ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၅၅ ပုဒ်မခွဲ(က)တို့က အခွန်နဲ့ ပတ်သက်ပြီးတော့ ပေးသွင်းရာမှာ သမ္မန်စာဆင့်တဲ့နေရာမှာ Electronic နဲ့ပတ်သက်ပြီး ဘယ်လို ချရမလဲဆိုတဲ့ဟာတွေကို ပြဋ္ဌာန်းထားတဲ့အရာတွေဖြစ်ပါတယ်။ လက်ရှိရှိပြီးသား ဥပဒေတွေထဲမှာမှ ပြဋ္ဌာန်းထားပြီးသားပါ။ Electronic နဲ့ပတ်သက်ပြီးတော့မှ E-Government ကို သွားနိုင်ဖို့အတွက်ကို ပြဋ္ဌာန်းပြီးသားပါ။ အဲဒီအထဲမှာမှ တချို့ပြင်ဆင်ဖို့လိုအပ်တဲ့ဥပဒေတွေကို ပြရမယ်ဆိုလို့ရှိရင် Electronic ဆက်သွယ်ဆောင်ရွက်တဲ့ဥပဒေမှာ ဆက်သွယ်ရေးဥပဒေ(Telecom Law)နဲ့သဘော ထားမကိုက်ညီတဲ့အချက်အချို့လေးတွေ ပြင်ဆင်ဖို့လိုအပ်ပါတယ်။ နောက်တစ်ချက်က ဒီဥပဒေ ထဲမှာပဲပါတဲ့ Electronic siginature ပေါ့။ E-mail တို့၊ Electronic Document တို့ ဘယ်လောက် မှန်တယ်မမှန်ဘူးဆိုတာကို အာမခံပေးနိုင်မယ့် Electronic signature ကို ထုတ်ပေးနိုင်တဲ့ Certification Authority ရဲ့ လုပ်ဆောင်မှုအခန်းကဏ္ဍ ဒါတွေကို ခိုင်ခိုင်မာမာသတ်သတ်မှတ်မှတ် သေသေချာချာပြန်ပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ နောက်တစ်ချက်က E-comerce ဆိုတဲ့ စာသုံးသူကို

အကာအကွယ်ပေးတဲ့ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ ဆက်လက်ပြီးတော့ ပြင်ဆင်ဖို့လိုအပ်တဲ့ဥပဒေကတော့ ၁၉၉၆ ခုနှစ်၊ ကွန်ပျူတာပညာရပ်ဆိုင်ရာဖွံ့ဖြိုးရေးဥပဒေမှာဆိုလို့ရှိရင် အဲဒီဥပဒေတွေကို ထပ်ပြုပြင်ရမယ်။ အဲဒီထဲမှာဘာတွေထပ်ပြီးတော့မှ ထည့်ဖို့လိုအပ်သလဲဆိုရင် ICT လုပ်ငန်းများ ဖွံ့ဖြိုးရေး၊ E-Government လုပ်ငန်းစဉ်များနဲ့ အခြားသတင်းအချက်အလက်များနဲ့သက်ဆိုင်တဲ့ စီမံကိန်းတွေ ပါဝင်တဲ့အချက်အလက်တွေကို ထည့်သွင်းရေးဆွဲဖို့လိုအပ်ပါတယ်။ နောက်ဆုံးပိုင်းအနေနဲ့ ခေတ်စနစ်နှင့်အညီအသစ်ပြဋ္ဌာန်းဖို့လိုအပ်တဲ့ ဥပဒေတွေရှိပါတယ်။ အဲဒါကတော့ Cyber Security Law ကျွန်တော်တို့ရဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဆွေးနွေးတဲ့အထဲမှာလည်း ပါပါတယ်။ Cyber Security Law ကို ထပ်မံပြီးတော့ ပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ အဲဒီအထဲမှာဆိုလို့ရှိရင် အမျိုးသားသတင်းနှင့်နည်းပညာလုံခြုံရေး၊ အဲဒါနဲ့ပတ်သက်ပြီးတော့မှ ထည့်သွင်းဖို့လိုတယ်။ နောက်တစ်ချက်က ပုဂ္ဂလိကအချက်အလက်အကာအကွယ်(Personal Data Protection) အဲဒါနဲ့ပတ်သက်တဲ့အချက်အလက်တွေ ထည့်သွင်းရေးဆွဲပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။ ဆက်လက်ပြီးတော့မှ National Data Base ဒီအချက်အလက်တွေကို ဘယ်လိုသုံးစွဲမလဲ၊ ဘယ်လိုကိုင်တွယ်မလဲ၊ ဘယ်လိုထုတ်ယူသုံးစွဲမလဲ၊ ဘယ်သူတွေကနေပြီးတော့မှ တာဝန်ရှိတယ်ဆိုတဲ့ဟာတွေကို ထည့်သွင်းရေးဆွဲတဲ့၊ အစိုးရရဲ့သတင်းအချက်အလက်တွေကို စုစည်းထားရှိထားတဲ့အရာတွေကို ပါဝင်တယ်။ ဥပဒေ အချက်အလက်တွေပါဝင်ရမယ်။ နောက်တစ်ချက်က သတင်းအချက်အလက်ထုတ်ယူသုံးစွဲမှုဆိုင်ရာစည်းမျဉ်းတွေပါဝင်တဲ့အချက်တွေ ထည့်သွင်းရေးဆွဲရပါမယ်။ ဒါက တော့ National Data Base Law။ နောက်တစ်ချက်က Right to Information Law။ ဘယ်သူတွေက ဘယ်အဆင့်မှာ ဌာနဆိုင်ရာတစ်ခုမှာဆိုရင် စာရေးအဆင့်က ဘယ်ဟာကို ထုတ်ယူသုံးစွဲနိုင်ရမယ်။ ဘယ်ဟာကို ပြင်ဆင်နိုင်ရမယ်။ အရာရှိအဆင့်က ဘယ်ဟာကို သုံးစွဲရမယ်။ ဘယ် Data တွေကို ထုတ်ယူသုံးစွဲပြီး ပြင်ဆင်ပိုင်ခွင့်ရှိရမယ်ဆိုတဲ့အချက်အလက်တွေကို ဖော်ပြတဲ့ Right to Information Law ကိုလည်း ထည့်သွင်းပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအရာတွေကို၊ အချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် E-Government က လိုအပ်နေပြီ ဖြစ်ပါတယ်လို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်က ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ကျွန်တော်ရှေ့ကနေ ကိုယ်စားလှယ်ပေါင်း ၂၂ ယောက်က ထောက်ခံဆွေးနွေးပြီးဖြစ်ပါတယ်။ ICT နည်းပညာနဲ့လုပ်ရမယ့် E-Government ကို အားလုံးက ကောင်းတယ်လို့ တညီတညွတ်တည်းထောက်ခံထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကောင်းပါတယ်။ ဒီဥစ္စာကို မကောင်းဘူးလို့ငြင်းတဲ့လူ တစ်ယောက်မှမရှိပါဘူး။ အဲဒီတော့ ကောင်းတဲ့အလုပ်ကိုလုပ်ဖို့ ကျွန်တော်တို့က တိုက်တွန်းတဲ့အဆို ဒီနေ့ ပြည်သူ့လွှတ်တော်မှာ တင်သွင်းရခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ အဆိုတင်ပြီးတော့ တိုက်တွန်းတာပဲလုပ်နိုင်တယ်။ တကယ်တမ်းအကောင်အထည်ဖော်ရတာကတော့ ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်ရတာပါ။ ဒီနေရာမှာ မေးခွန်းတစ်ခုမေးလိုပါတယ်။ အဲဒီမေးခွန်းကဘာလဲဆိုတော့ ဒီ E-Government ကို ပြည်ထောင်စုအစိုးရက တကယ်ကောဖြစ်ချင်ရဲ့လား။ ဘာဖြစ်လို့လဲဆိုတော့ အကောင်အထည်ဖော်မယ့်လူကလုပ်ရမှာပါ။ ကျွန်တော်တို့လွှတ်တော်က လုပ်လို့မရပါဘူး။ အဲဒီတော့ တကယ်ဖြစ်ချင်မှလည်း တကယ်ဖြစ်လာမှာပါ။ ဖြစ်ချင်တဲ့စိတ်ရှိဖို့က အရေးကြီးဆုံးဖြစ်တယ်လို့ ကျွန်တော် ရှေးဦးစွာဆွေးနွေးလိုပါတယ်။ ဖြစ်ချင်တဲ့စိတ်မရှိလို့ ကျွန်တော်တို့လွှတ်တော်ကတိုက်တွန်းနေလည်း အလကားပဲဖြစ်သွားမှာပါ။ အဲဒီတော့ ဖြစ်ချင်တဲ့စိတ်ရှိပြီဟေ့ဆိုရင် ဖြစ်အောင်ဘယ်လိုလုပ်သင့်သလဲဆိုတာ ကျွန်တော်အကြံပြုပါတယ်။ ပထမဆုံး ဒီဥစ္စာ တစ်နိုင်ငံလုံးတိုးတက်ဖို့ လုပ်ရတဲ့ကိစ္စဖြစ်တဲ့အတွက် ဝန်ကြီးဌာနတစ်ခုချင်း၊ အဖွဲ့အစည်းတစ်ခုချင်းလုပ်ရတဲ့အလုပ် မဟုတ်ပါဘူး။ E-Government လို့ခေါ်တဲ့ နိုင်ငံတော်အစိုးရရဲ့လုပ်ငန်းကြီးတစ်ခုလုံး လုပ်ရမှာဖြစ်တဲ့အတွက် ဦးဆောင် Steering Committee ဆိုတာ ရှိရပါမယ်။ အဲဒီကော်မတီကို နိုင်ငံတော်ရဲ့အထွတ်ထိပ်ခေါင်းဆောင်တွေနဲ့ ဖွဲ့ဖို့လိုပါတယ်။ ဥပမာပြောရရင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒီလိုပုဂ္ဂိုလ်တွေက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ဝန်ကြီးတွေပါဝင်တဲ့ ကော်မတီဖွဲ့ပြီးဆောင်ရွက်မှသာ အောင်မြင်နိုင်ပါတယ်။ အဲဒီတော့ အဲဒီလိုမဖွဲ့ခဲ့တဲ့အတွက် ကျွန်တော်တို့ပြောပါတယ်။ ၂၀၁၀ ခုနှစ်ကစပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီ E-Government လုပ်ဖို့ ဝန်ကြီးဌာနအသီးသီးက ကြိုးစား

နေတယ်လို့ ကျွန်တော်တို့သိရပါတယ်။ ဒါပေမဲ့ ဦးဆောင်ကော်မတီမရှိတဲ့အတွက် အဖြစ်အပျက်တစ်ခုကို ကျွန်တော်တင်ပြလိုပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက ကျွန်တော်တို့မြန်မာနိုင်ငံမှာ နိုင်ငံခြားငွေပေါင်းမြောက်မြားစွာ အသုံးပြုပြီးတော့၊ ကွန်ပျူတာသုံးပြီးတော့ သန်းခေါင်စာရင်းကောက်ခဲ့ပါတယ်။ အဲဒီသန်းခေါင်စာရင်းကောက်တဲ့အခါမှာ သန်းပေါင်းမြောက်မြားစွာကုန်ပါတယ်။ UNDP ကလည်းကူညီပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေကလည်း ကူညီတယ်။ ကောက်တယ်။ စာရင်းတွေထွက်လာတယ်။ အဲဒီတော့ ၂၀၁၅ ခုနှစ်ကျတော့ ကျွန်တော်တို့ရွေးကောက်ပွဲရှိတယ်။ ရွေးကောက်ပွဲရှိတော့ ရွေးကောက်ပွဲကျတော့ အဓိကမဲစာရင်း၊ မဲစာရင်းဆိုတာ လူစာရင်း၊ လူစာရင်းက သန်းခေါင်စာရင်းပေါ်မှာသွားရတယ်။ အဲဒီတော့ သန်းခေါင်စာရင်းပေါ်က လူစာရင်းယူလိုက်ရင် ရှင်းရှင်းလေး။ ဒါပေမဲ့ ဘာဖြစ်လို့လဲတော့မသိဘူး။ လုပ်ချင်လို့လား။ မလုပ်ချင်လို့လားတော့ မသိဘူး။ ဘာကြောင့်လဲတော့ ကျွန်တော်မသိဘူး။ သို့သော်ငြားလည်း အဲဒီ ၂၀၁၅ ခုနှစ် မဲစာရင်းကိုပြုစုတဲ့အခါမှာ တစ်အိမ်တက်ဆင်း စာရွက်တွေနဲ့ဘောပင်တွေနဲ့ လိုက်ပြီးတော့ အကုန်လုံးကောက်ပါတယ်။ တစ်ရပ်ကွက်ချင်းလိုက်ကောက်တယ်။ ကောက်တဲ့အခါမှာ လုပ်တဲ့လူတွေရဲ့အားနည်းချက်ကြောင့် စာရင်းအမှားထွက်လာတယ်လို့ထင်ပါတယ်။ စာရင်းတွေက အားလုံးအမှားထွက်လာပါတယ်။ အကယ်၍သာ ၂၀၁၄ ခုနှစ်ကကောက်ခဲ့တဲ့သန်းခေါင်စာရင်းအပေါ်ကို ရွေးကောက်ပွဲကော်မရှင်က ယူသုံးလိုက်မယ်ဆိုရင် အမှားဒီလောက်များစရာမရှိပါဘူး။ ဒါက ခုနကပြောသလိုသုံးချင်လား၊ မသုံးချင်လား ဒါ ကျွန်တော်မသိဘူး။ သို့သော်ငြားလည်း ဒီအဖြစ်အပျက်က မဖြစ်သင့်တဲ့အဖြစ်အပျက်တစ်ခုပါ။ ပိုက်ဆံကုန်ပြီးတော့ အကျိုးမရှိလိုက်ပါဘူး။

အဲဒီတော့ နောက်တစ်ခုကဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ အရေးကြီးဆုံးစာရင်းလုပ်တဲ့ဌာနတစ်ခုရှိပါတယ်။ အဲဒါကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန(လဝက)။ အဲဒီလဝကမှာ ဒီနေ့အထိ E-Government အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ကွန်ပျူတာအသုံးပြုပြီးတော့ လူစာရင်းမရှိပါဘူး။ စာရွက်တွေ၊ စက္ကူတွေနဲ့ပဲ အလုပ်လုပ်နေပါတယ်။ အလုပ်လုပ်ရင်အင်မတန်နှောင့်နှေးကြန့်ကြာပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီတော့မေးကြည့်ချင်တာ။ ခုနကသန်းခေါင်စာရင်းဆိုတာလည်း လဝကဦးဆောင်ပြီးကောက်သွားတာ။ အဲဒီတော့ ဒီသန်းခေါင်စာရင်းကြီးကောက်ထားတဲ့ သန်းခေါင်စာရင်းကိုယူပြီးတော့ လဝက က ဘာဖြစ်လို့ ဒီနေ့အသုံးမပြုနိုင်သေးတာလဲ၊ အသုံးပြုဖို့မကြိုးစားသေးတာလဲ။ ကျွန်တော်သိရသလောက်တော့ အသုံးပြုဖို့ကြိုးစားတာတစ်ခါမှမတွေ့ရဘူး။ ကျွန်တော်တို့သွားတယ်။ တစ်ခုခုလုပ်ဖို့သွားလိုက်တယ်ဆိုလို့ရှိရင် စက္ကူစာအုပ်

တွေနဲ့ပဲ အချိန်ကုန်တယ်။ ကျွန်တော်တို့ကလည်း စက္ကူစာရွက်တွေယူသွားရတယ်။ သူတို့ကလည်း စက္ကူစာရွက်တွေလာတယ်။ ဥပမာပြောရရင် မှတ်ပုံတင်ထဲမှာ အဖေက နိုင်ငံသားဖြစ်နေပြီ၊ အမေ နိုင်ငံသားဖြစ်နေပြီ။ အဲဒီတော့ သားသမီးက လာလျှောက်တဲ့အခါမှာ အဲဒီထောက်ခံချက်တွေအသီးသီး နောက် ယုတ်စွအဆုံးပြောရရင် အဲဒီ သူတို့ကိုယ်တိုင်ထုတ်ပေးတဲ့မှတ်ပုံတင် မိတ္တူကူးပြီး ပြန်ပေးရတယ်။ အဲဒီတော့ စက္ကူတွေအများကြီးကုန်တယ်။ အဲဒီတော့ ဒီကွန်ပျူတာစနစ်ကို ဘာဖြစ်လို့ သုံးဖို့မကြိုးစားသေးတာလဲလို့ ကျွန်တော်ကမေးကြည့်ချင်ပါတယ်။ အဲဒီတော့ ကြိုးစားဖို့တော့ အင်မတန်လိုနေပါပြီ။ အဲဒီတော့ ကမ္ဘာပေါ်မှာ လူတိုင်းကကွန်ပျူတာနဲ့ပတ်သက်ပြီးတော့ အင်မတန် အသုံးပြုနေတဲ့ခေတ်ကြီး၊ ဥပမာတစ်ခုပြောမယ်။ ကွန်ပျူတာအသုံးမပြုတဲ့အတွက် အဲဒီ E-Government မလုပ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ အတုတွေအများကြီးပေါ်နေပါတယ်။ ကျွန်တော် ဒါနဲ့ပတ်သက်ပြီး သာဓကတစ်ခုပြောပြချင်ပါတယ်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က စင်္ကာပူမှာ သွားအလုပ်လုပ်တယ်။ စင်္ကာပူကနေ မြန်မာပြည်ပြန်လာတယ်။ မြန်မာပြည်ပြန်လာတယ်။ ပြန်လာရတဲ့အကြောင်းရင်းက သူက ဟိုမှာအမှုတစ်ခုကျူးလွန်တဲ့အတွက် ထောင်ကျတယ်။ ထောင်ကျပြီးပြန်နှင်လွှတ်လိုက်တယ်။ ပြန်ရောက်လာတယ်။ ဒီရောက်တဲ့အခါကျ သူ့နဂိုမူရင်းမှတ်ပုံတင်က မဟုတ်တဲ့နာမည်နဲ့ သန်းခေါင်စာရင်းအတု။ သန်းခေါင်စာရင်းဆိုတာ ပုံစံ(၆၆/၆)။ သန်းခေါင်စာရင်းအတု၊ မှတ်ပုံတင်အတုလုပ်တယ်။ ပြီးတော့ Passport အတု ထပ်လျှောက်တယ်။ ရသွားတယ်။ ကျွန်တော်တို့တောင် အံ့သြတယ်။ အဲဒီရသွားတော့ စင်္ကာပူပြန်ထွက်သွားတယ်။ စင်္ကာပူကျတော့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ (သြဘာသံများ)

## ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေ၏ နိုင်ငံအတွင်းရှိပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပတ်သက်သူများအားလုံးသည် E-Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲ

နိုင်ရေးအတွက်  E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ကနေပြီးတော့ သဘောထားရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို ကြိုဆိုပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော် Power Point နှင့်ရှင်းလင်းတင်ပြခွင့်ပြုပါရန်နှင့် အချိန်မလုံလောက်ပါက အနည်းငယ်တိုးမြှင့်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှချမှတ်ခဲ့တဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်မှာပါဝင်တဲ့ Data IT Card System၊ Digital Government Strategy၊ E-Government System တို့ကို ထူထောင်သွားရန်မူဝါဒကို အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ဌာနဆိုင်ရာများ၏ Website များမှတစ်ဆင့် သတင်းအချက်အလက်တွေကို ရယူနိုင်ရေးအတွက် ဗဟိုရုံးများ၊ ဝန်ကြီးဌာနများ၏ Website များကို လွှင့်တင်ထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ Website များမှတစ်ဆင့် ဌာနဆိုင်ရာများရဲ့ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များ စသည်တို့ကို ပြည်သူများအနေဖြင့် မိမိသိရှိလိုသည့် အချက်အလက်များကို သိရှိနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ Mobile Application မှတစ်ဆင့် အချို့ဌာနဆိုင်ရာများ၏ဝန်ဆောင်မှုများနှင့် အခြားသတင်းအချက်အလက်များအား ပြည်သူလူထုသိရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအခါ မိုဘိုင်းတယ်လီဖုန်းများကို အရှိန်အဟုန်ဖြင့်တိုးချဲ့တည်ဆောက်တပ်ဆင်ခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်အထိ တယ်လီဖုန်းသိပ်သည်းဆ (Tele density)ဟာ ၉၅.၄၆ ရာခိုင်နှုန်းရှိလာပြီ ဖြစ်ပါတယ်။

မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တည်ဆောက်ရာတွင် အဓိကကျသည့် ဆက်သွယ်ရေးအခြေခံ (Infrastructure) အဆောက်အအုံများဖြစ်တဲ့ တာဝါတိုင်များ တိုးချဲ့တည်ဆောက်ခြင်း၊ ဖိုင်ဘာကေဘယ်လ်ချခင်းခြင်းတို့ကို တိုးချဲ့တည်ဆောက်ရန် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုအချိန်အထိ တာဝါတိုင်ပေါင်း ၁၃၄၉၁ တိုင် တည်ဆောက်ထားရှိပြီး ဖိုင်ဘာကေဘယ် ၄၀၆၂၉.၈၉ ကီလိုမီတာကို ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်ခွင့်ပြုထားတဲ့အနက် ၃၂၈၂၄.၁၆ ကီလိုမီတာ ချခင်းပြီးဖြစ်ပါတယ်ခင်ဗျား။ လက်ရှိနေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများကို ဖိုင်ဘာဆက်ကြောင်းချိတ်ဆက်ပြီး E-Government လုပ်ငန်းစဉ်များကို အတိုင်းအတာတစ်ခုအထိ

ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ဒီဟာကတော့ အခုနက Teledensity ပြတာ။ အောက်ပရေတာကတော့ ကျွန်တော်တို့က MPT ရယ်၊ Telenor ရယ်၊ အူရီဒူး သုံးခုပေါ့။ ဒီဟာကတော့ တယ်လီဖုန်းသိပ်သည်းဆပြောတဲ့အခါမှာ MPT တစ်ခုပဲ ကျွန်တော်တို့က Land Line ခေါ်တဲ့ Fixed Line ပါဝင်ပါတယ်။ ဒီဟာကတော့ နေပြည်တော်မှာရှိတဲ့ ရုံးပေါင်းအားလုံးပေါင်း ၂၂ ရုံး၊ ဝန်ကြီးဌာနနှင့် ဗဟိုရုံးတွေကို ချိတ်ဆက်ထားတဲ့ ဖိုက်ဘာဆက်ကြောင်းတွေကို ပြတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ Video Conferencing စနစ် အသုံးပြုနိုင်ရန် ဆက်ကြောင်းချိတ်ဆက်ပေးထားတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ မြို့၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အားလုံးပေါင်း ၁၈ မြို့ကို ဖိုက်ဘာဆက်ကြောင်းဖြင့်လည်းကောင်း၊ Micro Wave ဆက်ကြောင်းဖြင့်လည်းကောင်း ချိတ်ဆက်ထားတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။

Website များ လွှင့်တင်ဆောင်ရွက်လျက်ရှိရာမှာ Mobile Application များကို အသုံးပြု၍ ဝန်ဆောင်မှုများကို ရယူနိုင်ရမည်ဖြစ်သော်လည်း Government Website များမှာ ကွန်ပျူတာဖြင့် အင်တာနက်မှတစ်ဆင့် အသုံးပြုနိုင်ရန် ဆောင်ရွက်ထားတဲ့အတွက် Mobile ဖုန်းများဖြင့် လွယ်ကူချောမွေ့စွာ ရယူသုံးစွဲနိုင်ရေးရှိနိုင်အောင် သက်ဆိုင်ရာဌာနများကို တိုက်တွန်းဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။ E-Government လုပ်ငန်းကို ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ယခင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာဝန်ကြီးဌာနမှ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)အကူအညီဖြင့် ၂၀၁၄ ခုနှစ်တွင် E-Government Master Plan ကို စတင်ရေးဆွဲခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လတွင် မူကြမ်းပြီးစီးခဲ့ပြီးတဲ့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်ပြောင်းလဲမှုနှင့်အညီ လက်ရှိအခြေအနေနှင့်ကိုက်ညီစေရန် ပြည်ပပညာရှင်များ ဒီနေရာမှာ ပြည်ပပညာရှင်မှာ World Bank၊ ကိုရီးယား၊ JICA၊ အိန္ဒိယပညာရှင်များအပါအဝင် ပြည်တွင်းကလည်း ဝန်ကြီးဌာန၊ ပုဂ္ဂလိကပိုင် မြန်မာကွန်ပျူတာ Federation တို့ ကိုယ်စားလှယ်များနှင့် ပူးပေါင်းညှိနှိုင်းဆွေးနွေးပြီးတော့ အဆိုပါမူကြမ်းကို ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ပြီးစီးခဲ့ပါတယ်။ အဲဒီနောက် အဆိုပါမူကြမ်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၁-၉-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားရှိပြီးဖြစ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရန် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် Human Capital နှင့်

အီလက်ထရွန်းနစ်ဝန်ဆောင်မှုများ တိုးတက်လာစေရန် အထူးဦးစားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါသဖြင့် Myanmar E-Government Master Plan တွင် ပါဝင်သည့် Roadmap နှင့် Conceptual Architecture Framework များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဟာကတော့ Implementation Roadmap ကိုပြထားတာဖြစ်ပါတယ်။ ဒီမှာကတော့ Short Term ရယ်၊ Mid Term ရယ်၊ Long Term ရယ်ဆိုပြီးတော့ ခွဲခြားထားပါတယ်ခင်ဗျား။ လမ်းပြမြေပုံ ပထမအဆင့်အရ ကနဦးစတင်ဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် E-Government Service Network ၊ Government Data Center ၊ Government Cloud များ တည်ဆောက်ခြင်း အစရှိတဲ့ ICT Infrastructure များ တည်ဆောက်ခြင်း၊ ဖွဲ့စည်းဆောင်ရွက်မှုပုံစံ ပြောင်းလဲခြင်း၊ ဥပဒေနှင့်နည်းဥပဒေများ၊ မူဝါဒများနှင့် စံသတ်မှတ်ချက်များ (ဥပမာ- ကွန်ပျူတာသုံး မြန်မာစာစံစနစ်)သတ်မှတ်ပြဋ္ဌာန်းပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းအားဖြင့် E-Government စနစ်များ ပိုမိုအောင်မြင်စေရေး အထောက်အကူပြုနိုင်မည့် ဝန်းကျင်ကောင်းတစ်ခုကို ထူထောင်နိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုအချိန်မှာ ကမ္ဘာ့ဘဏ်အကူအညီဖြင့် Myanmar National Web Portal စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ Web Portal အကောင်အထည်ဖော်ပြီးရင် အသုံးပြုသူ ပြည်သူလူထုမှ လိုအပ်ချက်ရှိသည့် ဝန်ဆောင်မှုများအား Mobile နှင့် Internet Website မှတစ်ဆင့် ဖြန့်ဖြူးပေးသွားနိုင်မှာဖြစ်ပါတယ်။ ဒုတိယအဆင့် နှစ်တိုကာလလုပ်ငန်းစဉ်များအရ အစိုးရရဲ့လုပ်ငန်းစဉ်များ၌ သင့်လျော်သော အကျိုးသက်ရောက်မှုရရှိစေရေး၊ ပြည်သူလူထုနှင့် ထိတွေ့မှုပိုမိုကောင်းမွန်လာစေရေး၊ စီးပွားရေးလုပ်ငန်းရပ်များတွင် ပွင့်လင်းမြင်သာမှုရှိစေပြီး ပိုမိုရင်းနှီးမြှုပ်နှံလာစေနိုင်ရေးတို့အား ဦးတည် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလယ်အလတ်အဆင့်ကာလမှာ အစိုးရ၊ ပြည်သူနှင့် လုပ်ငန်းရှင်များအကြား Online ဖြင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များအား တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ရှည်ကာလမှာ နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများမှအစိုးရ၏ E-Service များအား အသုံးပြုနိုင်ရေးနှင့် ရေရှည်ကာလတွင် စဉ်ဆက်မပြတ်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဝန်ဆောင်မှုများအား Mobile Smart Phone များ၊ Internet Website များ၊ Call Center များ၊ Web Portal များမှတစ်ဆင့် ပြည်သူလူထုအား ဖြန့်ဖြူးပေးသွားနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မူကြမ်း**

လုပ်ငန်းစဉ်မူဘောင်များအနေနဲ့ Master Plan မှာပါတဲ့ဟာ မြန်မာနိုင်ငံမှာ E-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်ရန် လိုအပ်သော အချက်များဖြစ်သည့် လုပ်ငန်းစဉ်မူဘောင်များအား E-Government Master Plan တွင် ဖော်ပြထားရှိပြီးဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်ရမည့် Frame Work ပါလုပ်ငန်းစဉ်များမှာ (က) အခြေခံအုတ်မြစ်အနေနဲ့ ICT Infrastructure များ တည်ဆောက်ခြင်း၊ ဖွဲ့စည်းဆောင်ရွက်မှုပုံစံပြောင်းလဲခြင်း၊ ဥပဒေ၊ မူဝါဒများနှင့် စံသတ်မှတ်ချက်များပြဌာန်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်း။ (ခ) အစိုးရဌာနများမှ အမျိုးမျိုးကွဲပြားခြားနားသော နည်းပညာများအသုံးပြု၍ သီးခြားစီအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုလုပ်ဘဲ စုစည်းပေါင်းစပ်၍ ဌာနများအကြား သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ရယူအသုံးပြုနိုင်ရန် ICT Infrastructure၊ Common Data နှင့် Application များအား မျှဝေအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း။ (ဂ)လုပ်ငန်းသဘောသဘာဝအရဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းများအား တူညီသော unifying Platform ပေါ်တွင် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ (ဃ)ပြည်သူများအနေနှင့် အစိုးရဌာနများ၏ websites ဝင်ပေါက်တိုင်းကို ဝင်ထွက်သွားလာခြင်းထက် ဝင်ပေါက်တစ်ခုတည်းမှ ဌာနအားလုံးသို့ ဆက်သွယ်ဆောင်ရွက်ခွင့်ရရှိရေးသည် လွန်စွာအရေးကြီးပါသဖြင့် လုပ်ငန်းသဘောသဘာဝ တူညီသည့်စနစ်များအား ပေါင်းစပ်စုစည်းထားသည့် Integrated E-Service များ တည်ဆောက်ခြင်းအား E-Government စနစ်အား ပြည်သူများမှ ရိုးရှင်းလွယ်ကူစွာ အသုံးပြုနိုင်ခြင်း။ (c) E-Service များအား Mobile Smart Phone, Internet Website, SMS, Call Center အစရှိသော Channel များမှတစ်ဆင့် ပြည်သူများထံသို့ လျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ဖွဲ့စည်းဆောင်ရွက်သွားမည့်ဖွဲ့စည်းပုံများကတော့ မြန်မာနိုင်ငံ၌ E-Government လုပ်ငန်းရပ်များဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ပိုင်ခွင့် အခွင့်အာဏာ အပ်နှင်းထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အမျိုးသား ICT ကောင်စီ/ဦးစီးကော်မတီအား နိုင်ငံတော်သမ္မတရုံး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖွဲ့စည်းသွားရန် လိုအပ်မည်ဖြစ်ပါတယ်။ ဒါ Master Plan မှာ အကြံပြု ဒါလည်းအဆိုရှင် ဦးနေဖူးဗဆွေရဲ့အဆိုထဲမှာပါတဲ့အတိုင်း ဒီဟာကို ကျွန်တော်တို့က ဗဟို ဦးဆောင်မှုနဲ့ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်းတွေဆိုတဲ့အချက်ကို ကျွန်တော်တို့က ဒီ Master Plan မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။

**မှူကြမ်း**

အဆိုပါအဖွဲ့အစည်းရဲ့ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့်မူဝါဒများချမှတ်ပြီး အစိုးရအဖွဲ့အစည်းများအား လမ်းညွှန်ကြီးကြပ်၍ E-Government လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်သွားမည့် အမျိုးသား E-Government ဗဟိုဌာန၊ E-Government များ၏ လုံခြုံရေးအတွက် လိုအပ်သော မူဝါဒများချမှတ်၍ လမ်းညွှန်ကြီးကြပ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ ICT ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးမည့် အမျိုးသား ICT သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဗဟိုဌာနတို့အား ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါတယ်။ ဒီပုံကတော့ ခုနကဖော်ပြထားတဲ့ ဖွဲ့စည်းပုံလေးပါ။ ကျွန်တော်တို့ ဗဟိုဦးစီးမှုနဲ့ ကျွန်တော်တို့ဖွဲ့စည်းသွားမည့် ဗဟိုဌာနသုံးခုနဲ့ ဆောင်ရွက်သွားမည့်ပုံစံပါ။

သို့ပါ၍ E-Government စနစ်များ ပိုမိုထိရောက်အောင်မြစ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အဆိုတင်သွင်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၊ ထောက်ခံဆွေးနွေးခဲ့ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ ဆွေးနွေးအကြံပြုချက်များကို အလေးထား၍ ပြည်ထောင်စုအစိုးရအနေဖြင့် မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းဖြစ်ကြောင်း တင်ပြပါတယ်။ ဥပမာအားဖြင့် အရှေ့ကဖော်ပြသွားတဲ့ ADB တို့၊ World Bank တို့နဲ့ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းများအပြင်ကို အခုဆိုရင် World Bank ရဲ့ အကူအညီနဲ့ Digital Myanmar Project ဆိုတဲ့ စီမံကိန်းတစ်ခုကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လျာထားပါတယ်ခင်ဗျား။ ဒီနေရာမှာ E-Government ကို အထောက်အကူပြုမယ့်ကဏ္ဍတွေလည်း ပါဝင်ပါတယ်ခင်ဗျား။

ဒါပေမဲ့ ကမ္ဘာတစ်ဝှမ်းမှာ ခေတ်မီသတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများသည် နေ့စဉ် ပြောင်းလဲနေသည့်အတွက်ကြောင့်လည်းကောင်း၊ ပြောင်းလဲနေတဲ့ ခေတ်မီသတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများနှင့်အညီ E-Government လုပ်ငန်းသည် စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သောကြောင့်လည်းကောင်း၊ နောက်တစ်ချက်က E-Government စနစ်တစ်ခုကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ဖို့ဟာ ကျွန်တော်တို့က ၁၀ စုနှစ်နဲ့ချီပြီးတော့ အချိန်လိုအပ်ပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ယနေ့ ကမ္ဘာ ၂၀၁၆ ခုနှစ်မှာ ဒီ EGTI Top 10 ထဲမှာပါတဲ့ အများသုံးနံပါတ်တစ်ဖြစ်နေတဲ့ UK မှာဆို E-Government ကို အကောင်အထည်ဖော်တာ ၂၂ နှစ် ကြာမြင့်

ပါတယ်ခင်ဗျား။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ ASEAN နိုင်ငံဖြစ်တဲ့ စင်ကာပူမှာဆိုရင် E-Government ကို အကောင်အထည်ဖော်ဖို့ရာ ၃၅ နှစ်ကြာခဲ့ပါတယ်ခင်ဗျား။ ဖော်ပြပါ အကြောင်းများကြောင့် ပန်းဘဲတန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနေဖူးဗဆွေ၏ E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးနေဖူးဗဆွေ(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လာရောက် ဆွေးနွေးခဲ့သော ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော့်ကို လွှတ်တော်ရဲ့တန်ဖိုးရှိတဲ့အချိန် ငါးမိနစ်ကျော်ခန့်ပေးပါခင်ဗျား။ ပထမဆုံး ကျွန်တော် အချက်သုံးချက်နဲ့ ပြန်လည်တင်ပြသွားပါမယ်။ ပထမဆုံး ဒီအဆိုကို လွှတ်တော် မှာ တင်ပြဖို့ ခုနစ်ကြောင်းအဆိုဖြစ်ဖို့ အချိန်သုံးလခွဲကျော် ဆွေးနွေးခဲ့ကြပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအကြိမ်အစည်းအဝေးထဲက လုပ်ဖော်ကိုင်ဖက် ကိုယ်စားလှယ်တွေ၊ အင်ဂျင်နီယာတွေနဲ့ နည်းပညာရှင်တွေဟာ ဖုန်းဖြင့်တစ်မျိုး၊ ပြင်ပမှာတွေ့ဆုံပြီးတော့ အကူအညီ တောင်းခံပြီး ဒီအဆိုကိုတင်ဖို့ ညှိနှိုင်းခဲ့ပါတယ်။ ပထမပုံမှန်အစည်းအဝေးပြီးတဲ့ရက် ၅၀ မှာ တွေ့သင့် တွေ့ထိုက်တဲ့ ပြင်ပမှာလုပ်တဲ့ ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေနဲ့ အင်ဂျင်နီယာတွေကို တွေ့ဆုံ ဆွေးနွေးပြီးတော့ ဒီအဆိုကို ဘယ်လိုစတင်တင်ပြရမလဲဆိုတာကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပတဲ့အချိန်မှာ ကော်မတီ တွေက အပတ်တိုင်းအစည်းအဝေးလုပ်ပြီး ဒီအဆိုကို စနစ်တကျ တိုင်းပြည်ကို တင်ပြအကူအညီ တောင်းဖို့ ဆွေးနွေးမှုတွေအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခွင့်ပြုချက်အရ Call တွေ ခုနစ်ခုခေါ်ခဲ့ပါ တယ်။ သူတို့ရဲ့လုပ်အားတွေကို လွှတ်တော်မှာမှတ်တမ်းတင်ဖို့ လိုပါတယ်။ အဲဒီအဖွဲ့ခုနစ်ဖွဲ့ရဲ့ အကျဉ်းချုပ်ကို တင်ပြပါမယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ဦးညီညီထွန်းဦးစီးပြီး နှစ်ဦး လာရောက်ဆွေးနွေးပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် စီးပွားရေးကော်မတီက ဦးဟံသန်းမြင့်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့ပတ်သက်တဲ့ သဘောထားကိုသာ သတ်မှတ်ချိန်အတွင်း ပြီးအောင် ပြောပါ။

**ဦးနေဖူးဗဆွေ(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ တစ်ခါ တတနက ဗိုလ်မှူးလင်းအောင်ပါဝင်တဲ့ လေးဦး၊ နောက်ပြီးတော့ ရန်ကုန်က ဦးမြင့်ဆွေ ဦးဆောင်တဲ့ တစ်ပြည်လုံးကိုယ်စားပြုတဲ့ပညာရှင်တွေ ၁၂ ယောက်၊ နောက်တစ်ခါ မန္တလေးတိုင်းဒေသကြီးကို ကိုယ်စားပြုတဲ့ ဦးလှသောင်း ဦးဆောင်တဲ့ အဖွဲ့ခြောက်ဖွဲ့နဲ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးဦးဆောင်သော သုံးယောက်နှင့် မြန်မာအင်ဂျင်နီယာအသင်းက နှစ်ယောက် လာရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ အဲဒီ ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ကော်မရှင်က တစ်ဦးချင်းတင်ပြမယ့်စာ ကျွန်တော်တို့ ဆန္ဒတွေမပါဘဲနဲ့ လွှတ်တော်ငယ်တစ်ခုဖြစ်တဲ့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာမှာ ကော်မတီအားလုံးက တာဝန်အသီးသီးခွဲစေပြီး ဒီအစီအစဉ်ကို ကော်မတီတစ်ရပ်အနေနဲ့ လွှတ်တော်ကိုယ်စားတင်ပြဖို့ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကိုတင်ပြရခြင်းဟာ ကျွန်တော်တို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေနဲ့ ဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍကနေ စနစ်တကျတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီအတွက် ပါဝင်ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်တွေကို ကျေးဇူးတင်သလို ကျွန်တော်တို့ အဖွဲ့ဝင်ကိုယ်စားလှယ်အားလုံးလည်း လေးစားလက်ခံပါတယ်။ ပါဝင်ဆွေးနွေးတဲ့လူတွေလည်း တန်ဖိုးရှိပါတယ်။

ဒုတိယအချက်အနေနဲ့ကျွန်တော်ပြောချင်တာက ဒီအဆိုဆွေးနွေးတဲ့အချိန်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနတွေနဲ့ ဒီဟာကို မဖြစ်မနေလုပ်ရတဲ့အတွက် ဝန်ကြီးဌာနအသီးသီးက လိုအပ်တဲ့ဘတ်ဂျက် တွေကို ထည့်ပေးဖို့လိုသလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ ကော်မတီအရပ်ရပ်က လည်း E-Government စနစ်ဖော်ဆောင်ဖို့ လိုအပ်တဲ့ဘတ်ဂျက်ကိုလည်း ခွင့်ပြုပေးဖို့ ပန်ကြားအပ်ပါ တယ်။ ဒီအပြင် နိုင်ငံသားအားလုံးဟာ တိုးတက်ဖို့အတွက် ပြည်တွင်းပြည်ပနိုင်ငံသားအားလုံးနှင့် သက်ဆိုင်နေရတဲ့အတွက် သူတို့ရဲ့အကြံဉာဏ်တွေနဲ့ ရင်းနှီးမြှုပ်နှံဖို့ကိုလည်း တိုးတက်ဖို့အတွက် လာရောက်မြှုပ်နှံရန် ပန်ကြားအပ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာက ပြည်သူ့ လွှတ်တော်ကြီးအတွက် ကျွန်တော်တို့ကော်မတီဟာ စုပေါင်းပြီးတော့ အစိုးရဘက်စုံတိုးတက်ဖို့ အစည်းအဝေးတစ်ခုကိုလုပ်ရအောင် ဆောင်ရွက်ခြင်းဖြစ်သလို အနာဂတ်မျိုးဆက်တွေရဲ့ အမွေ ကောင်းပေးနိုင်အောင် တကယ်တိုင်းပြည်၏အရှိန်အဟုန်နဲ့ ထွက်ပေါက်တစ်ခုရအောင် တစ်နည်းအား ဖြင့် ပတ်ဝန်းကျင်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံမှာ ဂုဏ်သိက္ခာမြင့်တဲ့ ကျွန်တော်တို့ ဝန်ဆောင်မှုတွေပါဝင်လာ

အောင် ရည်ရွယ်ပြီး ကျွန်တော်တို့တင်ပြရခြင်းဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်တင်ပြချင်တာက လူတွေရဲ့အားနည်းချို့ယွင်းချက်တွေကို ဖြေရှင်းဖို့ နည်းပညာမြင့်တဲ့နိုင်ငံကလူသားတွေ၊ ကမ္ဘာ့နိုင်ငံက လူသားတွေတွေ့ရှိတဲ့ စွယ်စုံရပြဿနာဖြေရှင်းနိုင်တဲ့ သိပ္ပံနည်းကျတဲ့ နည်းပညာတွေနဲ့ ဖြတ်သန်းဖို့ မရှိမဖြစ်လိုအပ်တဲ့အတွက် E-Government ဟာ အကောင်အထည်ဖော်ဖို့ အမြဲတစေလိုအပ်နေတာ ကို ပန်ကြားအပ်ပါတယ်။

ဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ အခု National Plan အနေနဲ့ စနစ်တကျဆောင်ရွက်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးတာကို စနစ်တကျ Plan တွေဆွဲပြီးတော့ တင်ပြလုပ်ဆောင်နေတာ တွေ့ရတော့ ဝမ်းသာပါတယ်။ ဒီဟာကိုလည်း မပြစ်မနေဆောင်ရွက်ပေးဖို့ အကူအညီတောင်းခံပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနကို တိုက်တွန်းချင်တာကတော့ လွှတ်တော်ဟာ ကျွန်တော်တို့နောက်မှာ မဲဆန္ဒရှင် ထောင်၊ သောင်း၊ သိန်း၊ သန်းမက ပါဝင်ပြီး အကြံပေးပြီးတော့ သူတို့အာဘော်အရ တင်ပြခြင်းသာဖြစ်ပါတယ်။ ဒါကိုလည်း တလေးတစားအကောင်အထည်ဖော်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကြောင့် ဝန်ကြီးတင်ပြတဲ့အဆိုကို ကျွန်တော်လုပ်ဆောင်နေတာဖြစ်တဲ့အတွက် မှတ်တမ်းတင်ဖို့သဘောတူပါတယ်။ ဒီအပြင် ကျွန်တော်တို့ဟာ ပြည်သူ့ရဲ့ဆန္ဒ၊ ပြည်သူ့အသံ၊ ပြည်သူ့ရဲ့မျှော်လင့်ချက်တွေကို ဖော်ဆောင်ရတဲ့လွှတ်တော်ဖြစ်တဲ့အတွက် လွှတ်တော်ကြီးကလည်း စောင့်ကြည့်ပြီးတော့ E-Government ဖွံ့ဖြိုးမှုကို စောင့်ကြည့်နေမှာဖြစ်တဲ့အပြင် ကျွန်တော်တို့ရေးရာကော်မတီအနေနဲ့လည်း လိုအပ်ရင် E-Government နှင့်နည်းပညာဖွံ့မှုကို ကြယ်ပွင့်ပြမေးခွန်းနှင့် မေးခွင့်ပြုပါလို့ တင်ပြရင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤအဆိုကိုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားကို ကျွန်တော်ရှင်းရှင်းလင်းလင်းပဲ မေးပါ့မယ်။ အဆိုရှင်က နောက်ဆုံးဆွေးနွေးသွားတဲ့အခါမှာ ရှေ့ပိုင်းမှာတော့ မှတ်တမ်းတင်ဖို့ပြောတယ်။ နောက်ပိုင်းမှာတော့ အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားဖို့၊ လွှတ်တော်ကစောင့်ကြည့်ဖို့ဆိုတဲ့ စကားလုံးပါပါတယ်။ ဒါကြောင့် မို့လို့ အဆိုရှင်ရဲ့သဘောထားက မှတ်တမ်းတင်စောင့်ကြည့်စေချင်တာလား။ မှတ်တမ်းတင်စေချင်တာလား။

**ဦးနေဖူးဗဆွေ(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒါကတော့ သဘောထားပဲပြောပါ။ နောက်မှ မေးတာ ကြယ်ပွင့်ပြပဲမေးမေး၊ ကြယ်ပွင့်မပြပြ၊ နောက်ထပ်အဆိုပဲတင်တင် ဒါကနောက်ကိစ္စ။ အခုအဆိုနှင့်ပတ်သက်တဲ့ သဘောထားပဲ ရှင်းရှင်းလင်းလင်းပြော။ ရှုပ်ရှုပ်ထွေးထွေးမပြောနဲ့။

**ဦးနေဖူးဗဆွေ(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ မှတ်တမ်းတင်စောင့်ကြည့်ပေးပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၂၄ ဦးကဆွေးနွေးပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးနေဖူးဗဆွေ တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးကြတဲ့အခါ ကိုယ်စားလှယ်အချို့က လွှတ်တော်ကိုလည်း စေတနာကောင်းဖြင့် အကြံကောင်းများ၊ ဆွေးနွေးမှုများကိုလည်း ကြားသိရပါတယ်။ ပြည်သူ့လွှတ်တော်အနေနဲ့ လောလောဆယ်ဆောင်ရွက်ထားရှိမှုများကို လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော် E-mail အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ အရာထမ်း ၃၀ ဦးနှင့် ပြည်သူ့လွှတ်တော်ဌာနကြီး လေးခုအား Account ဖွင့်လှစ်ပေးထားပြီး လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ E-Government Platform တွင်ချိတ်ဆက်အသုံးပြုနိုင်ရန် EDMS E-Office Software များအား ပြည်သူ့လွှတ်တော်ဌာနကြီးလေးခုတွင် ဖြန့်ဝေထားရှိပြီး လွှတ်တော်သုံးရပ်ဆက်သွယ်နိုင်ရန်အတွက် Intranet အား ချိတ်ဆက်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဇမ္ဗူသီရိ အဆောင်မှာလည်း Data Center တစ်ခုဆောက်လုပ်ထားရှိပြီး မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြစ်စေရန် စီစဉ်ထားရှိပြီးလည်း ဖြစ်ပါတယ်။ Video Con Ferencing ပြုလုပ်နိုင်ရန်အတွက်လည်း ဥက္ကဋ္ဌရုံးခန်း၊ ဒုတိယဥက္ကဋ္ဌရုံးခန်းနှင့် အစည်းအဝေးခန်းမတွင်တပ်ဆင်ပြီး

**မူကြမ်း**

ဆက်သွယ်ဆောင်ရွက်နိုင် ပြီးလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အနေဖြင့် မဲဆန္ဒရှင်ပြည်သူများမှ ပြည်သူ့လွှတ်တော်ရဲ့ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရန် အတွက် ပြည်သူ့လွှတ်တော် Website, ပြည်သူ့လွှတ်တော် Facebook, ပြည်သူ့လွှတ်တော် Twitter Page, Law Data Base များအား လွှင့်တင်ထားရှိပါတယ်။ Law Data Base တွင် ဥပဒေ ၄၉၂ ခု တင်ပြထားရှိပြီး ဥပဒေရေးရာအခန်းတွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထုတ်ပြန်ထားတဲ့ ဥပဒေပေါင်း ၃၆၂ ခု ကိုလည်း တင်ပြထားရှိပါတယ်။ ထို့အပြင် ပြည်သူများမှ ဖုန်းဖြင့် အလွယ်တကူကြည့်ရှုနိုင်ရန် Mobile Application များဖြစ်တဲ့ Android Application, IOS Application များ အခမဲ့ဖြန့်ဝေထားရှိပြီးလည်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမှ မိမိတို့ မဲဆန္ဒရှင်ပြည်သူများအား အသိပညာဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် လွှတ်တော်များမှ ဆောင်ရွက်ထားရှိမှုများအား မဲဆန္ဒရှင်များအား အသိပေးပြီး ပူးပေါင်းပါဝင်ကြစေလိုကြောင်း တင်ပြ ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**